# “ညီအစ်ကိုမောင်နှစ်မချင်းပြိုင်ဆိုင်မှု”

# SIBLING RIVALRY
## (Seymour V. Reit)

ဤစာအုပ်၏ အဓိကအကျဆုံးတင်ပြချင်သော အကြောင်းအရာမှာ ညီအစ်ကိုမောင်နှစ်မအရင်းများအကြား နှစ်သက်ခြင်းနှင့် မနှစ်သက်ခြင်း၊ ပေါင်းစည်းညီညွတ်ခြင်းနှင့် ယှဉ်ပြိုင်ခြင်း၊ အကာအကွယ်ယူခြင်းနှင့် ငြင်းပယ်ကန့်ကွက်ခြင်းစသည့် ဘဝ၏ သာမန် ဝိရောဓိတရားများ၊ အပြင်းအထန်အပြန်အလှန် တုန့်ပြန်ခြင်းပင်ဖြစ်ပါသည်။ မိသားစုတစ်ခုအတွင်း ဒုတိယကလေးငယ်တစ်ဦး ဝင်ရောက်လာသည်နှင့် တပြိုင်နက် ဖြည့်စွက်ချက်အသစ်တို့နှင့်အတူ ဇာတ်လမ်းတစ်ခုစတင်ကာ ဆက်လက်ဖြစ်ပေါ်လေ့ရှိသည်။ ပထမမွေးသော ကလေးကြီးက တအီအီငိုခြင်း ဒုက္ခပေးခြင်းတို့ဖြင့်ဖြစ်စေ မိဘ၏အလေးပေးမှုကို တောင်းဆိုနိုင်သည်။ သို့မဟုတ်ပါက လည်းကျွမ်းကျင်မှုများနှင့် စွမ်းရည်များတိုးတက်လာအောင် ကြိုးစားခြင်းဖြင့် မိဘများ၏ချီးကျူးမှုနှင့် ချစ်ခင်နှစ်သက်မှုကို ဖြစ်ပေါ်အောင်ဆောင်ရွက် တတ်ကြသည်။ ကလေးကြီးများသည် ကလေးငယ်ကို တိုက်ရိုက်ဆန့်ကျင်တိုက်ခိုက်တတ်သည်။ သို့မဟုတ် အခြားကလေးများကို အော်ဟစ်ခြင်း၊ ရန်ဖြစ်ခြင်းဖြင့် သူတို့၏ဒေါသကို ပြသလေ့ရှိကြသည်။ ကလေးငယ်ကို နာကြင်အောင် အတင်းအကျပ်ဖက်တတ်သည်။ သူတို့၏ခံစားချက် အမှန်များကိုဖုံးကွယ်ထားတတ်ကြပြီး စိတ်လိုက်မာန်ပါပြုလုပ်ခြင်း လက်သည်းကိုကိုက်ခြင်းစသော ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများ ဖြစ်ပေါ်တိုးတက်လာတတ်သည်။ ကလေးငယ်လေး၏ အိပ်ရာဘေးတွင် တစ်ချိန်လုံးရပ်ကာ ကလေးငယ်၏လှုပ်ရှားမှုမှန်သမျှကို ရန်လိုသောအကြည့်ဖြင့် စူးစူးရဲရဲစောင့်ကြည့်နေတတ်ကြသည်။ အိပ်ရာထဲတွင် ကျင်ငယ်စွန့်ခြင်း၊ လက်မကို စုပ်ခြင်းတို့ကဲ့သို့ ငယ်ကျင့်များလည်း ပြန်၍ပေါ်လာတတ်ကြသည်။ ကလေးငယ်လေးကို အကာအကွယ်ပေး၍ (ရန်ဖန်ရန်ခါ အကာအကွယ်ပေးလွန်းတတ်သည်) ချစ်မြတ်နိုးပြီး ဂုဏ်ယူကာ ကလေးငယ်၏ချစ်မြတ်နိုးဖွယ် အမူအရာကလေးများကိုလည်း စွဲလန်းနေတတ်ပါသည်။ ထို့ပြင် ယခုအခါ “အကြီးဖြစ်ရခြင်း” (အစ်ကိုကြီး/အစ်မကြီး) ကိုလည်းကျေနပ်ပီတိ ဖြစ်နေလေ့ရှိပါသည်။

အပြန်အလှန်အားဖြင့် ကလေးငယ်ကလည်း ထပ်မံမွေးဖွားလာသည့် မည်သည့်ကလေးငယ်မဆို ၎င်းတို့၏အစ်ကို/အစ်မများအား၎င်းတို့၏ ပီပြင်မှုမရှိသေးသော မရေရာသည့်ခံစားမှုများ အပြုအမူများဖြင့်တုန့်ပြန် ကြပါလိမ့်မည်။ ယင်းတို့မှာ အစ်ကိုကြီး/အစ်မကြီးများအတွက် ချစ်မြတ်နိုးခြင်း အထူးအခွင့်အရေးများအတွက် မနာလိုခြင်း မည်သည့်အခါမျှလိုက်၍ မမီနိုင်သောကြောင့် စိတ်ရှုတ်ထွေးခြင်း၊ ဆရာလုပ်ခံရသဖြင့် မခံမရပ်နိုင်ဖြစ်ခြင်း၊ မိမိအားခုခံကာကွယ် မည့်သူမရှိနေသည်ဟူသော အသိကြောင့်လုံခြုံမှုရှိခြင်း စသည်တို့ဖြစ်သည်။ ယင်းသို့သော တုန့်ပြန်မှုအစုံများ (ဝိရောဓိများ) ကပင် စစ်မှန်သောရင်းနှီးကျွမ်းဝင်မှုနှင့် စစ်မှန်သောမျှဝေမှု အခြေခံကိုဖြည့်ဆည်းပေးရင်း စောင့်ရှောက်မှုနှင့် ပါဝင်ပတ်သက်မှုကို ဖော်ပြလေ့ရှိသော်လည်း အစဉ်သဖြင့် ရိုးရှင်းချောမွေ့စွာ ပေါ်လေ့ရှိသည်တော့မဟုတ်ပါချေ။

## ညီအစ်ကိုမောင်နှစ်မအရင်းချင်းပြိုင်ဆိုင်မှု ဘဝ၏နိယာမတရား

ညီအစ်ကိုမောင်နှစ်မအရင်း အချင်းချင်းပြိုင်ဆိုင်မှုသည် စင်စစ်သာမန်မျှသာဖြစ်သည့် သဘာဝနိယာမတစ်ရပ် ဆိုသည်ကိုသင့်အတွက် လက်ခံနိုင်ရန် ခဲယဉ်းပေလိမ့်မည်။ ညီအစ်ကို၊ ညီအစ်မများအကြား (၎င်းတို့၏ဆက်စပ်မှု အမျိုးမျိုးတွင်) ရန်ဘက်ဖြစ်မှု/ ခိုက်ရန်ဖြစ်ပွားမှုသည် မိသားစုဆက်ဆံရေးဘဝ၏ အခြေခံအကျဆုံး အကြောင်းရင်းတစ်ရပ်ဖြစ်သည့်ပြင် မိသားစုအားလုံးနှင့် သက်ဆိုင်သောသဘာဝတရား တစ်ခုလည်းဖြစ်ပါသည်။ ယင်းသို့သော ညီအစ်ကိုမောင်နှစ်မချင်း အပြိုင်အဆိုင်ဖြစ်သည့် ဇာတ်လမ်းများကိုသမ္မာကျမ်းစာတွင် သာမကအခြားသော စာပေကျမ်းကန်များတွင်လည်း တွေ့ရှိနိုင်ပေသည်။

ပျော်ရွှင်မှုများနှင့် ကျေနပ်ပီတိဖြစ်မှုများရှိနေသည့် ပကတိဘဝတွင် အတက်အကျများ၊ မကျေနပ်မှုများနှင့် အလဟသဖြစ်မှုများအပြင် မိသားစုသံသရာအတွင်း ပဋိပက္ခများရှိနေတတ် ကြပါသည်။ အရွယ်ရောက်ပြီးသူ လူကြီးများစွာတို့သည် ကတောက်ကဆဖြစ်တတ်သကဲ့သို့ ကလေးငယ်အများစုလည်း ဖြစ်တတ်ကြပါသည်။ အဘယ်ကြောင့်ပါနည်း။ အကြောင်းမှုကား လူသားဖြစ်ရခြင်းဟူသည် လူသား၏လိုအင်များနှင့် ခံစားချက်များရှိနေခြင်းသဘောပင် ဖြစ်ပြီး လိုအင်များနှင့်ခံစားချက်များသည် အစဉ်သဖြင့်သာယာဖြောင့်ဖြူးချောမွေ့လေ့မရှိကြသောကြောင့် ဖြစ်ပါသည်။ ထိုသဘောတရားသည် ငယ်ရွယ်နုစဉ်ကာလ ကလေးဘဝအတွက် နားလည်ရန်ရှုတ်ထွေးခက်ခဲလှပေသည်။

ငယ်ရွယ်သောညီအစ်ကို မောင်နှစ်မအရင်းများအကြား ပြိုင်ဆိုင်မှုထားခြင်းသည် “အတ္တရှိမှုအဖြစ်” (ကိုယ့်ကိုယ်ကိုစွဲလန်းမှု) ဆီသို့ရှေ့ရှုစုရုံးသော ၎င်းတို့၏နည်းလမ်းဖြစ်ပြီး တစ်နည်းအားဖြင့် ကျွန်ုပ်တို့အားလုံးလိုအပ်သည်။ တစ်ဦးချင်းဖြစ်တည်မှု၏ တန်ဖိုးရှိသောအသိဟုလည်း ခေါ်ဆိုထိုက်ပေသည်။ ခံစားမှုကိုအခြေပြုသည့် ဤတောင်းဆိုမှုသည် ကလေးများအတွက် အရေးကြီးသကဲ့သို့ လူကြီးများအတွက်လည်း အရေးကြီးပေသည်။

ဟင်းသီးဟင်းရွက်များတွင် ခံစားမှုများမရှိသကဲ့သို့ အသိအမှန်ပြုခံချင်သော လိုအင်လည်းမရှိပေ။ လူတို့တွင်ကား ခံစားမှု

လည်းရှိသကဲ့သို့ အသိအမှတ်ပြုခံချင်သော လိုအင်လည်းရှိသည်။ ကလေးငယ်များသည်လည်း လူသားများပင်မဟုတ်ပါလော။ အလွန်ငယ်ရွယ်သော ကလေးများအကြားတွင် အဆိုပါနက်နဲသော တွန်းအားများ၊ ကျွန်ုပ်တို့ လူကြီးများထက်ပင်ပို၍ စွမ်းအားကြီးမားကြသည်။ အဘယ်ကြောင့်ဆိုသော် ကလေးငယ်များသည် ကျွန်ုပ်တို့ကဲ့သို့အတွက်ကို စုစည်းကာကွယ်ထိန်းချုပ်နိုင်စွမ်းများ မရှိသည့်ပြင် ကျွန်ုပ်တို့ကြီးပြင်းလာလျှင် ကြုံတွေ့ရသည့် လူမှုရေးအပြုအမူများ၏ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကိုလည်း နားလည်မှုမရှိကြသေးကြောင့်ဖြစ်သည်။

ဤသို့ဆိုသဖြင့် ကလေးသူငယ်များတွင် အပြုအမူဆိုင်ရာ စံနှုန်းများမရှိဟူသော အဓိပ္ပါယ်သက်ရောက်ပါသလော။ မသက်ရောက်ပါ။ သို့သော် ယေဘုယျအားဖြင့် သူတို့သည် တစ်နည်းတစ်ဖုံအားဖြင့် မတူညီပါ။ သုတေသနအဖွဲ့တစ်ဖွဲ့ဖြစ်သော ဒေါက်တာဘော့ဆာ့ဒ်နှင့် ဘိုးလ် (Drs. Bossard & Boll) တို့က "လူကြီးများက ကလေးသူငယ်၏ အပြုအမူကိုပြုကြသည်" ဟုဖော်ပြထားသည်။ ဤ "ကလေးများ၏ ဥပဒေသများ" (တရားမျှတမှု သဘောတရား၊ ပိုင်ဆိုင်မှုအခွင့်အရေးများစသည်) သည်အခြေခံကျ၍ ရိုးစင်းသည့်ပြင် ကျွန်ုပ်တို့၏ ဥပဒေသများထက်ပို၍ သဘာဝဆန်သည်။ သို့ရာတွင် သူတို့သည်ခိုင်မာသည်နှင့်အမျှ တရားလည်းဝင်ပါသည်။

## ပြိုင်ဆိုင်ခြင်း၏အခြေခံများ

ပြိုင်ဆိုင်ခြင်းဟူသည်မှာ "လူတစ်ဦးသည် တူညီသောတစ်ခု သို့မဟုတ် ရည်မှန်းချက်တစ်ခုအတွက် အခြားသူတစ်ဦးကဲ့သို့ ယှဉ်ပြိုင်လုပ်ဆောင်ခြင်း သို့မဟုတ် အခြားသူတစ်ဦးနှင့် တူညီအောင် သို့မဟုတ် သာလွန်အောင်ကြိုးစားအားထုတ်ခြင်း" ကိုဆိုလိုသည်ဟု အဘိဓာန်တွင်ဖွင့်ဆိုထားသည်။

ညီအစ်ကိုမောင်နှမ အရင်းများအကြား (မိသားစုတစ်ခုအတွင်းရှိ ညီအစ်ကိုမောင်နှမ ညီအစ်မများ) ပြိုင်ဆိုင်မှုအားလုံးပင် ရင်းနှီးကျွမ်းဝင်ကြပါသည်။ ထို့ပြင် တစ်ခါတစ်ရံ တစ်မိသားစုတည်း အတူနေရန်ပင် ခက်ခဲတတ်ကြပါသည်။ ထိုပြိုင်ဆိုင်မှုသည် အဘယ်နေရာမှ ပေါက်ဖွားလာပါသနည်း။

အချို့သောပညာရှင်များက မိသားစုကိုကြယ်တာရာကလေးများ စုဖွဲ့ထားသော "ကြယ်တာရာစု" အဖြစ်ရည်ညွှန်းကြသည်။ ညဘက်ကောင်းကင်ယံတွင် မြင်တွေ့ရသော ကြယ်တာရာစုကလေးများကဲ့သို့ပင် မိသားစုများတွင်လည်း မတူညီသောပုံစံများနှင့်ဖွဲ့စည်းမှုများ ရှိကြသည်။

မိသားစုကြယ်တာရာဖြစ်သည့် လူ့အဖွဲ့အစည်းအငယ်စားကလေးတွင် အတိုင်းအတာအမျိုးမျိုးရှိကြသည်။ တစ်ဘက်တွင် ထောက်ပံ့မှုစနစ်တစ်ရပ်ကဲ့သို့ အကျိုးပြုပြီး အခြားတစ်ဘက်တွင်မူ လျှပ်စစ်ပေါင်းအိုးကဲ့သို့ ပြုမူတတ်ပြန်သည်။ မိသားစုဝင်များအား နွေးထွေးမှု၊ ဘေးကင်းလုံခြုံမှုနှင့် ချစ်ခြင်းမေတ္တာပေးတတ်သော မိသားစုသည်ပင်လျှင် သောက၊ စိတ်ဝမ်းကွဲမှုနှင့် စိတ်ဆင်းရဲမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ လူသားအချင်းချင်း နီးကပ်စွာအတူတကွနေကြရလျှင် ပွတ်တိုက်မှုနှင့် သဘောမကိုက်ညီမှုများ ရှိလာတတ်ကြပါသည်။ ကျွန်ုပ်တို့၏လိုအင်များနှင့် ဆန္ဒများပေါ်မူတည်၍ ပြောင်းလဲကြပြီး မိသားစုအတွင်းတွင်လည်း အဆိုပါအမြင်များသည် အခြားမိသားစုဝင်များ၏ လိုအင်များနှင့် ဆန္ဒများကိုဆန့်ကျင်၍ အဆက်မပြတ် တိုးပွားလာပေသည်။

အဆိုပါဆန့်ကျင်မှုများအတွက် အခြားသောအကြောင်းရင်း တစ်ရပ်ရှိသေးသည်။ ယင်းမှာ မိသားစုအစုအဖွဲ့သည် လူကြီးများနှင့်ကလေးများအတွက် ခိုလှုံရာအရိပ်တစ်ခုနှင့် ဘေးကင်းသောတံခါးရှင်တစ်ခုအဖြစ်လည်း ဖြည့်ဆည်းပေးပါသည်။ မိသားစုတည်းဟူသောဒေသကလေးတစ်ခုအတွင်း ကျွန်ုပ်တို့၏လေးနက်သော ရိုးသားသောခံစားမှုများကို ဖွင့်အံနိုင်သည်။ နွေးထွေးမှုကိုလည်း ရရှိခံစားနိုင်ပါသည်။

ကျွန်ုပ်တို့သည် မိသားစုဝင်များဖြစ်ကြသည့်အားလျော်စွာ အခြားပြင်ပလူများအပေါ်တွင် မှီခိုချစ်ခင်သည်ထက် မိသားစုဝင်အချင်းချင်းအပေါ်တွင် ပို၍အပြန်အလှန် မှီခိုချစ်ခင်တွယ်တာယလေ့ ရှိကြသည့်ပြင် မိသားစုဘဝသံသရာအတွင်း ကျွန်ုပ်တို့၏နက်နဲသောခံစားမှုများကို ပို၍ပွင့်လင်းစွာ ထုတ်ဖော်ရန်အားသန်လေ့ ရှိကြပါသည်။

## ပုံစံများကိုပြောင်းလဲခြင်း

ဘဝဟူသည် အစဉ်မပြတ်ပြောင်းလဲ ကြီးပြင်းနေသောသင်္ခါရဖြစ်စဉ် တစ်ခုပင်။ မိသားစုများသည်လည်း အဆိုပါဖြစ်စဉ်အတိုင်း နည်းလမ်းများစွာဖြင့် ရောင်ပြန်ဟပ်လေ့ရှိပါသည်။

ဥပမာ သင်၏သားဦးကလေးငယ်သည် မိဘနှစ်ပါးရှိသော (သို့မဟုတ် မိဘတစ်ဦးတည်းရှိသော) မိသားစုအတွင်းသို့ မွေးဖွားပေါင်းစည်းလာခဲ့သည်။ ဤတွင် လူကြီးများ၏စိုးရိမ်ပူပန်မှုနှင့် ချစ်ခြင်းမေတ္တာတို့သည် ကလေးငယ်တစ်ဦးတည်း အပေါ်တွင်သာ စုစည်းထားသော မိသားစုကြယ်တာရာစုလေး တစ်ခုဖြစ်လာသည်။ ထိုစဉ်မှာပင် ဒုတိယကလေးငယ်တစ်ဦး မွေးဖွားလာခဲ့ပြန်သည်။ ထိုကလေးငယ်သည် ပထမကလေးငယ်ကဲ့သို့ပင် မိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမ အရင်းတစ်ဦးရှိသော အုပ်စုကလေးထဲသို့ဝင်

ရောက်လာခဲ့ပြန်သည်။ ထိုနောက် တတိယကလေး စတုတ္ထကလေးစသည်ဖြင့် မိသားစုလေးဦး ငါးဦးရှိသောအစုအဖွဲ့တစ်ခု ဖြစ်လာသည်။ အရေးမပါဟုယူဆနိုင်ဖွယ်ရှိသော်လည်း သင်၏မွေးချင်းပေါက်ဖော်များ၏ ကိုယ်ရည်ကိုယ်သွေး ပုံစံများကိုနားလည်သဘောပေါက်ရန်အရေးကြီးသည်။

ကလေးတစ်ဦး၏ "မွေးဖွားမှုအစီအစဉ်" သည် ကျွန်ုပ်တို့အားလုံး မည်သူမျှထိန်းချုပ်မရနိုင်သော ဖြစ်ချင်ရာဖြစ်တတ်သည့် သဘာဝအစီအစဉ် တစ်ရပ်ဖြစ်သည်။ သို့ရာတွင် မွေးဖွားမှုအစီအစဉ်နှင့် ပတ်သက်၍ အမျိုးမျိုးသောအားသာချက်များနှင့် အားနည်းချက်များရှိကြပါသည်။ ဥပမာ ပထမဦးဆုံးမွေးဖွားသော သားဦးကလေးငယ်သည် (ခဏတာမျှဖြစ်စေ) တစ်ဦးတည်းသီးခြား ဖြစ်တည်မှုအခြေအနေကို ပျော်ရွှင်ခံစားရပေလိမ့်မည်။ သူ/သူမမိဘများ၏ အလေးပေးမှုနှင့် ပူပန်သောကတို့၏ စုဝေးရာအချက်အခြာ ဖြစ်နေသည့်ပြင်ရွယ်တူ သို့မဟုတ် ပြိုင်ဘက်မရှိသော ရာဇပလ္လင်တစ်ခုပေါ်တွင် ထိုင်နေသည့် ဧကရာဇ်ဘုရင်ကလေးတစ်ပါး ဖြစ်နေပေလိမ့်မည်။ မိဘများကလည်း ၎င်းတို့၏အချစ်ဆုံးသားဦး သမီးဦးအပေါ်တွက် မျှော်လင့်ချက်များနှင့် နှုန်းစံများကို မြင့်မားစွာထားရှိတတ်ကြပေသည်။

ဒုတိယမွေးဖွားလာသော ကလေးငယ်သည် ပထမကလေးငယ်ရရှိထားသော အခြေအနေကို အချို့နေရာများ၌ မည်သည့်အခါမှ သိမ်းပိုက်ရယူနိုင်စွမ်း မရှိပါပေ။ သူ သို့မဟုတ် သူမအနေဖြင့် မည်၍မည်မျှပင်ပန်း ကြီးစွာကြိုးပမ်းအားထုတ်စေကာမူ ပထမကလေးငယ်သည် အစဉ်သဖြင့် သူ့ထက်အသက်အားဖြင့်ဖြစ်စေ အရွယ်အားဖြင့်ဖြစ်စေ ကြီးနေပြီး ပို၍ပင်ရှေ့တန်းသို့ ရောက်နေလေ့ရှိပေသည်။ အခြားတစ်ဘက်တွင်လည်း မိဘများသည် ဒုတိယကလေးနှင့်ပတ်သက်၍ ပို၍တည်ငြိမ်အေးဆေးကာ စိတ်သက်သာမှုပိုမို ရရှိခံစားတတ်ကြပြန်သည်။ အမှားအယွင်းများနှင့် အတွေ့အကြုံများကို ပထမကလေးထံမှ လေ့လာသိရှိခဲ့ပြီးဖြစ်၍ ဒုတိယကလေးတွင် တင်းကျပ်ဖိစီးမှုများနှင့် သောကများလျော့ပါးလာခြင်း ဖြစ်နိုင်ပေသည်။ ပထမကလေးငယ်ကလောက် ဒုတိယကလေးငယ်အပေါ်တွင် တောင်းဆိုမှုများ မပြုကြတော့ပေ။

တတိယကလေးငယ်သည် ရံဖန်ရံခါပို၍ "အဖျက်ဆီး" ခံရပြီး အထူးသဖြင့် သူ့ထက်ကြီးသောကလေးများက ကျောင်းနေသည့်အရွယ်ရောက်လာလျှင် ပို၍လိုက်လျောခံရတတ် အလိုလိုက်ခံရတတ်ကာ ပို၍ပျက်ဆီးသွားလေ့ရှိတတ်သည်။ ထို့ပြင် တတိယကလေးတွင် သူ/သူမ၏ အမူအကျင့်များ ဖြစ်တည်ရေးအတွက် အတုယူစရာမွေးချင်း နှစ်ဦးရှိနေပြီဖြစ်သည်။ ပထမနှင့် ဒုတိယကလေးများသည် တတိယကလေး၏ သင်ဆရာ၊ မြင်ဆရာများဖြစ်လာလေ့ ရှိကြသည်။

စတုတ္ထကလေး ပဉ္စမလေး အမွှာကလေးများတွင်လည်း ပြောင်းလဲမှုများစွာ ဖြစ်ပေါ်လေ့ရှိကြပါသည်။

## အသက်ကွာဟမှု

မွေးချင်းညီအစ်ကို မောင်နှမများအကြား အပြိုင်အဆိုင်ဖြစ်မှုသည် မိသားစုဖွဲ့စည်းမှု ပုံသဏ္ဍာန်နှင့် သားသမီးများမွေးဖွားမှုအစီအစဉ်ပေါ်တွင်သာမက ကလေးများအကြား အသက်ကွာမှုပေါ်တွင်လည်း မူတည်ပါသည်။

ညီအစ်ကိုမောင်နှမ အရင်းများအတွင်း တစ်ဦးနှင့်တစ်ဦးအသက် တစ်နှစ်ခွဲမှ သုံးနှစ်အတွင်းကွာခြားလျှင် မနာလိုမှုနှင့် အပြိုင်အဆိုင်ဖြစ်မှုပို၍ ပြင်းထန်တတ်ကြောင်းကို ကျွမ်းကျင်သူများက ယေဘုယျသဘောတူညီထားကြသည်။ အသက်ကွာဟမှု နည်းပါးလွန်း/ကျဉ်းမြောင်းလွန်းပြီး ဖွံ့ဖြိုးတိုးတက်မှု ပုံစံများသည်လည်း သင့်တင့်စွာတူညီကြလျှင် ကြီးမားသောသဘောထား ကွဲလွဲမှုဖြစ်ပေါ်စေရန် အလားအလာရှိပေသည်။ မွေးချင်းများအကြား အသက် ၄နှစ် ၅နှစ်ခန့်ကွာခြားလျှင် ပြိုင်ဆိုင်မှုလျော့ပါးတတ်ပေသည်။ အရေးပေါ်လိုအပ်ချက်များနှင့် လုပ်ငန်းများကိုလည်း မျှဝေနိုင်ပေသည်။

## လိင်တူညီမှု

လိင်မတူညီသော (ကျား – မ) မွေးချင်းများထက် လိင်တူညီသော (မ – မ၊ ကျား – ကျား) မွေးချင်းများအကြားတွင် မနာလိုဝန်တိုမှုပို၍ များတတ်ကြောင်းကို သုတေသနလုပ်ငန်းများက ညွှန်းဆိုဖော်ပြကြသည်။ လိင်တူညီသည့်အပြင် အသက်ချင်းလည်း မကွာခြားလှသော ကလေးနှစ်ဦးတွင် တူညီသောလိုအင်များနှင့် စိတ်ဝင်စားမှုများရှိတတ်ပြီး အဆိုပါလိုအင်များနှင့် စိတ်ဝင်စားမှုများကပင် ရန်ဘက်ဖြစ်မှုနှင့် ပဋိပက္ခဖြစ်မှုများကို မြင့်မားလာစေပေသည်။

## တိုင်းတာခြင်းနှင့်ရောင်ပြန်ဟပ်ခြင်း

ကလေးငယ်များသည် ၎င်းတို့၏ပင်ကိုယ်အသိဉာဏ်အရ မိဘများ၏ပြောစကားအရသာမက ၎င်းတို့၏ကျွမ်းကျင်မှု အခြားရွယ်တူများနှင့် ပြိုင်ဆိုင်မှုများကို တိုင်းတာခြင်းဖြင့်လည်း သူတို့ကိုယ်သူတို့ ဆုံးဖြတ်ရန်လေ့လာသင်ယူတတ်ကြသည်။ ထိုလေ့လာသင်ယူမှုအတွက် အလွယ်ကူဆုံးနှင့် အဆင်ပြေဆုံးရွယ်တူများမှာ ၎င်းတို့နှင့်အသက်အရွယ်ချင်း မကွာခြားလှသော အစ်ကိုများနှင့်

အစ်မများပင် ဖြစ်ပါသည်။

သူတို့မည်သူများဖြစ်ကြသည်။ မည်သူများကဲ့သို့ ဖြစ်နိုင်သည်ဟူသော ပြိုင်ဆိုင်မှုမျိုးများတွင် မွေးချင်းအချင်းချင်းကို မှန်သဖွယ်အသုံးပြု၍ ဆုံးဖြတ်ကြပါသည်။ ငယ်ရွယ်သောမွေးချင်းများသည် ကလေးအကြီးတစ်ဦး (အစ်ကို၊ အစ်မ) ကိုငင်းတို့ကို ကိုယ်တိုင်အတုယူကာ/ ပုံစံယူကာ ၎င်းတို့၏အောင်မြင်မှုကို ပိုမိုသာလွန်အောင် ကြိုးစားလေ့ရှိကြသည်။ ကြီးသောမွေးချင်းများကမူ ၎င်းတို့အောက်ရှိငယ်ရွယ်သော မွေးချင်းများကိုကြည့်ကာ ၎င်းတို့မည်မျှကြီးပြင်းလာကြသည်ကို သိရှိရန်နှင့် ၎င်းတို့၏တိုးတက်အောင်မြင်မှုအသိကိုရရှိရန်အတွက် နှိုင်းယှဉ်လေ့ရှိကြသည်။

## ပြုမူမှုများနှင့် အပြန်အလှန်ပြုမူမှုများ

ညီအစ်ကိုမောင်နှမချင်း ဆက်ဆံရေးတွင်နွေးထွေးမှု ချစ်ခြင်းမေတ္တာနှင့် မျှဝေမှုတို့ပါဝင်နိုင်သည်။ ပါဝင်လေ့ရှိကြသည်။ သို့သော်တစ်ခါတစ်ရံတွင် အချင်းချင်းအပြန်အလှန် ပြုမူမှုများက သဘောထားကွဲလွဲမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုများ စိန်ခေါ်မှုများနှင့် စွပ်စွဲမှုများ၊ ဒေါသနှင့်မနာလို ဝန်တိုမှုများ၊ မခံမရပ်နိုင်ဖြစ်မှုများနှင့် စိတ်ထိခိုက်မှုများဆီသို့ ဦးတည်ရွေ့ရှူနေပါသည်။ ထိုအခြေအနေမျိုးများသည် ကလေးငယ်များ အထူးသဖြင့်ဖော်ပြခြင်းမှာ မစွမ်းနိုင်သောကလေးများတွင် ပို၍အရှိန်မြင့်မားတတ်ပါသည်။ သူတို့တွင် ဘာသာစကားမရှိပေ။ သူတို့ခံစားရသည့်အတိုင်း တိကျစွာပြုမူတတ်သည်။ သူတို့၏ ခံစားမှုများသည် တဲ့တိုးဖြစ်ပြီး အခြေခံအကျဆုံးဖြစ်သည်။ ကလေးများက "သားကိုနှောက်ယှက်ချင်တဲ့ အစ်ကိုကြီးရဲ့စိတ်ခါတ်ကို သားသိတယ်" သို့မဟုတ် "အစ်ကိုကြီးလုပ်တာကို သဘောမကျဘူး" စသည်ဖြင့် မပြောကြပါ။ သူတို့ပြောသည်မှာ "အစ်ကိုကြီးကိုမုန်းတယ်" ဟူ၍သာဖြစ်သည်။

## မိဘ၏ချစ်ခြင်းမေတ္တာရလို့မှုအတွက်ပြိုင်ဆိုင်ခြင်း

အချို့သောအသက်အရွယ်များတွင် ကလေးများအကြားရှိ ပြိုင်ဆိုင်မှုများအနက် အများဆုံးဖြစ်လေ့ရှိသော ပြိုင်ဆိုင်မှုမှာ မိဘ၏ချစ်ခြင်းမေတ္တာနှင့် သဘောတူလက်ခံမှု ရရှိရေးအတွက်ပင် ဖြစ်သည်။ ကလေးတစ်ဦးအတွက် မိဘ၏ချစ်ခြင်းမေတ္တာသည် အဓိကကျသည်။ အရေးကြီးဆုံးလည်း ဖြစ်သည်။ အကြောင်းမှု မိဘ၏ချစ်ခြင်းမေတ္တာသာလျှင် ဘေးကင်းမှု လုံခြုံမှုနှင့် ပံ့ပိုးမှု ကူညီမှုကိုပေးစွမ်းနိုင်သောကြောင့် ဖြစ်သည်။

ကလေးငယ်များအကြား အနက်ရှိုင်းဆုံးသော လိုအင်နှင့်အငတ်မွတ်ဆုံးသောဆန္ဒမှာ ၎င်းတို့၏ အမှန်တကယ်တည်ရှိရေး/ ရပ်တည်ရေးအတွက် အမှီသဟဲပြုနေရသော လူကြီး သို့မဟုတ် လူကြီးများထံမှ ချစ်ခြင်းမေတ္တာကို လက်ခံရရှိရေးပင် ဖြစ်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ တစ်ခါတစ်ရံကလေးငယ်များသည် အခြားသူများကို မိဘများကပေးသော ချစ်ခြင်းမေတ္တာကို သူတို့ကိုလည်း မပေးဘဲနေမည်ကို စိုးရိမ်ထိတ်လန့်နေကြသောကြောင့် ဖြစ်ပါသည်။

## လှေကားအဆင့်များ – မွေးဖွားမှုအစီအစဉ်

အဲလ်ဘာ့တ် အိန်းစတိန်း (Albert Einstein)၊ ဝီလျံရှိတ်စပီးယား (William Shakespeare)၊ မားဂရက်မိဒ် (Margaret Mead)၊ ဗီသိုဗင် (Beethoven) နှင့် ဟယ်ရီ ဆမ်တရူးမင်း (Harry S. Truman) တို့သည်လည်း အလားတူပင်ဖြစ်ကြသည် ဆိုပါကမည်သို့ သူတို့သည်ထင်ရှားကျော်ကြား သူများဖြစ်လာသည်ကို အသာထားဦး။ သူတို့တွင် ငယ်သောမွေးချင်း ညီအစ်ကို မောင်နှမများ ရှိကြသည့်သားဦး သမီးဦးများဖြစ်ကြသည်။

အချို့သောယေဘုယျ ပုံစံများနှင့်ထူးခြားသော ကိုယ်ရည်ကိုယ်သွေးများသည် ကလေးတစ်ဦး၏ မွေးဖွားမှုအစီအစဉ်နှင့် ဆက်စပ်နေကြကြောင်း သုတေသနပြုချက်များက လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းကပင် ရည်ညွှန်းဖော်ပြခဲ့ကြသည်။ တကယ်တော့ မွေးချင်းတစ်ဦး၏ မွေးဖါးမှုအစဉ်က ပြဋ္ဌာန်းသောသီးခြားဖြစ်သော ပြိုင်ဘက်ကင်းသော အခန်းကဏ္ဍကို စဉ်းငယ်မျှမသိဘဲ မွေးချင်းများ၏အပြုအမူသဘာဝကို ကျွန်ုပ်တို့အပြည့်အဝ နားလည်သဘောပေါက်နိုင်လိမ့်မည်မဟုတ်ပေ။

မိသားစုတစ်ခုအတွင် တိကျစွာတူညီသည့် ကလေးနှစ်ဦးမည်သည့်အခါမျှ မွေးဖွားလာခြင်း မရှိသည်ကိုသတိထားမိရေးသည် မိဘများအတွက် တစ်ခါတစ်ရံ အံ့အားသင့်ဖွယ် ဖြစ်ပေလိမ့်မည်။ ဤအချက်ကို ထည့်သွင်းစဉ်းစားကာ မွေးချင်းများ၏မွေးဖွားမှု အစီအစဉ်လှေကားထစ် အဆင့်ဆင့်ကို ကျွန်ုပ်တို့အကျဉ်းမှ စူးစမ်းကြည့်ကြပါစို့။

## ပထမဦးဆုံးမွေးသောကလေးငယ် (သား/သမီးဦး)

ပထမဦးဆုံးမွေးဖွားသောကလေးသည် တစ်ဦးတည်းသောကလေးဖြစ်ပြီး အခွင့်အရေးပြည့်ဝစွာရရှိကာ အလေးထားမှုတို့ စုဆုံရာဗဟိုချက်လည်းဖြစ်သည်။

သား/သမီးဦး ကလေးငယ်သည် မိခင်နှင့်ဘခင်တို့က အခြားသူများနှင့် မျှဝေခြင်းမပြုနိုင်သော ချစ်ခြင်းမေတ္တာ၏ မဏ္ဍိုင်အဖြစ်တည်ရှိနေခြင်းကို နှစ်သက်ကြည်နူးလျှင် ယင်းသည် ကလေးငယ်၏ မိမိကိုယ်မိမိ ယုံကြည်မှုနှင့် မိမိကိုယ်မိမိ အထင်ကြီးလေးစားမှုတို့အတွက် အပြုသဘောဆောင်သည့် ဖျောက်ဖျက်မရသော အမှတ်တံဆိပ်ကို ထင်ကျန်ရစ်နိုင်ပေသည်။ သားဦးကလေးငယ်၏ အစောပိုင်းနှစ်များတွင် သင်၏သားဦးကလေးငယ်သည် ကလေးနှင့်ကလေးချင်း ဆက်ဆံရေးမျိုးထက် ကလေးနှင့်မိဘဆက်ဆံရေးမျိုးဖြင့် ပါဝင်ပတ်သက်နေလေ့ရှိသည်။ သုတေသနပညာရှင် အိုင်ဗင်ဟဲရစ္စ် (Irving Harris) ၏အဆိုအရ ပထမဆုံးမွေးဖွားမှုအစဉ်သည် "ကလေးငယ်အား မိမိကိုယ်မိမိ ဖြောင့်မတ်မှန်ကန်နိုင်မှုကို ပေးစွမ်းသည်" ဟုဖြစ်ပါသည်။ အဆိုပါကလေး၏ အစောဆုံးကာလမှတ်ဉာဏ်များသည် လူကြီးများနှင့်သီးခြား ထိတွေ့ဆက်ဆံရခြင်း ဖြစ်သဖြင့် သူ/သူမသည် အခွင့်အာဏာကို ပို၍လေးစားတတ်မည်။ ပို၍တစ်ယူသန်ဖြစ်မည်။ စိတ်ဓါတ်အားဖြင့်ပို၍ ခိုင်မာမည်ဟူသော အယူအဆကို ဟဲရစ္စ်နှင့်အခြားပညာရှင်များက ဆက်လက်ဆွဲကိုင်ထားကြသည်။ သားဦးကလေးများသည် မိမိကိုယ်မိမိပို၍ စိတ်ချသေချာသည့် အလားအလာများရှိသည်။ ငယ်သောမွေးချင်းများနှင့် မတူဘဲ စေ့စပ်ကျေအေးခြင်းထက် ခေါင်းမာစွာအတိုက်အခံ ပြုရခြင်းကိုပို၍လိုလားကြသည်။

ပထမဦးဆုံးမွေးဖွားသော နံပါတ်တစ်ကလေးများတွင် အဆိုပါအားသာချက်များ ရှိလင့်ကစား အားနည်းချက်များလည်း ရှိကြပါသည်။ မိခင်နှင့်ဖခင်တို့သည် မိဘဘဝအတွေ့အကြုံ မရှိသေးသဖြင့် အမှားများပြုလုပ်တတ်ကြသည်။ သူတို့၏တာဝန် ဝတ္တရားများနှင့်ပတ်သက်၍လည်း စိုးရိမ်လွန်တတ်ကြပြီး ပို၍တင်းကျပ်လေ့ရှိကြသည်။

မိဘများသည် နေရာတကာတိုင်းတွင်ပင် နောက်မှမွေးသော ကလေးများထက် သားဦးကလေးအပေါ်တွင် ပို၍တင်းကျပ်တတ်ကြသည်။ အကြောင်းမူကား သားဦးကလေးငယ် ကြီးပြင်းလာပါက သူ၏အောက်မှမွေးသော အငယ်မွေးချင်းများအတွက် စံပြကလေးဖြစ်ရန် ပို၍တွယ်တာတတ်စေရန် ပို၍တာဝန်သိတတ်စေရန်နှင့် ပို၍ရင့်ကျက်စေရန် မျှော်မှန်းထားသောကြောင့် ဖြစ်ပေသည်။

ဒုတိယကလေးငယ်ရောက်ရှိလာခြင်းနှင့် ပထမနေရာမှ "နန်းစွန့်ပေးရခြင်း" သည် ပထမကလေးအတွက် စိတ်ဒဏ်ရာဖြစ်စေတတ်ပြီး ဒုတိယ သို့မဟုတ် တတိယကလေးငယ်များ ဤသို့မဖြစ်စေရန် အထူးသတိထား၍ ထိန်းညှိပေးရန်လိုသည်။

## ဒုတိယမွေးဖွားသောကလေး

မွေးချင်းများအတွင်း အပြိုင်အဆိုင်ဖြစ်မှုသည် မွေးချင်းပေါက်ဖေါ်အချင်းချင်း အသက်အရွယ်နီးကပ်လွန်းနေလျှင် တစ်ဦးနှင့်တစ်ဦးအသက်ကွာဟမှု ၃နှစ်အောက်လျော့နည်းနေလျှင် ပြိုင်ဆိုင်မှုပို၍ ပြင်းထန်တတ်ကြသည်ကို ကျွန်ုပ်တို့လေ့လာခဲ့ပြီး ဖြစ်သည်။ အလားတူစွာပင် လိင်တူသောမွေးချင်း အချင်းချင်းတွင်လည်း ပြိုင်ဆိုင်မှုပို၍များကြသည်။

မွေးချင်းနှစ်ဦးရှိသော မိသားစုတစ်စုတွင် အကြီးကလေးသည် အစဉ်အမြဲအသာစီး ရနေသော်လည်း အငယ်ကလေးမှာမူ စိတ်ပိုင်းဆိုင်ရာ အရင်းအနှီးများဖြင့် လျော်ကြေးပေးရဖွယ်ရှိပေသည်။ အသက်အရွယ်အားဖြင့် အခွင့်အရေးမဲ့မှု အကြီးမွေးချင်း၏နောက်မှသာကြိုးပမ်းခွင့်ရသည့် ကံကြမ္မာပါလာမှုတို့ကြောင့် ဒုတိယမွေးဖွားသော ကလေးသည်စိတ်ပျက်အောင် ပြုလုပ်ခြင်းတို့တွင် ကျွမ်းကျင်လာလေ့ရှိကြသည်။

မိခင်နှင့်ဖခင်တို့က ကြိုးပမ်းစမ်းသပ်မှုများ အမှားပြုမှုများဖြင့် ခက်ခဲသောလမ်းကို လေ့လာသိရှိခဲ့ပြီးဖြစ်လျှင် ဒုတိယမွေးဖွားသောကလေးငယ်အများစုသည် မိဘများ၏အစောပိုင်းကာလ အမှားများမှအကျိုးကျေးဇူးကို ခံစားရလေ့ရှိပါသည်။ ထိုကလေးငယ်များသည် သူတို့အရင်စော၍ မွေးဖွားသောပထမကလေးများ၏ အနည်းငယ်ရှေ့ရောက်နေမှု ခြေလှမ်းသာနေမှုတို့ကြောင့် ဖိစီးမှုများ ဖိအားများခံစားရလေ့ရှိသည်။ တစ်ချိန်တည်းမှာပင် အဆိုပါနမူနာပြ ကလေးကြီးနှင့်အတူတကွ နေရခြင်းကြောင့်လည်း ဒုတိယကလေးများက ပို၍လျင်မြန်စွာ တိုးတက်မှုကိုအထောက်အကူ ပြုနေပြန်သည်။ ထို့ကြောင့်ပင် ဒုတိယကလေးများက အစောပိုင်းနှစ်များတွင်ပင် ကစားနည်းများကို လေ့လာသင်ယူနိုင်ခြင်း သို့မဟုတ် စက်ဘီးစီးတတ်ခြင်း သို့မဟုတ် အဝတ်အစားများကို မိမိဘာသာဝတ်တတ်ခြင်း စသည့်စွမ်းရည်များ လျင်မြန်စွာတိုးတက်ရခြင်း ဖြစ်ပေသည်။

ချုပ်ချယ်ဟန့်တားမှုနည်းပြီး ပို၍ညင်သာပျော့ပြောင်းသော မိဘများနှင့် ကြီးပြင်းလာရသော ဒုတိယကလေးများသည် "စည်းမျဉ်းစည်းကမ်းများ" နှင့်ပတ်သက်၍ တင်းကျပ်မှုနည်းပြီး အတန်အသင့်အားဖြင့်ပို၍ လွတ်လပ်လိုကာ ပို၍စွန့်စားလုပ်ဆောင်လိုသော သဘောရှိကြသည်။

### အလယ်အလတ်ကလေးငယ်

တတိယကလေးတစ်ဦး ရောက်ရှိမလာမီ အလယ်အလတ်ကလေးငယ်သည် မိသားစု၏အငယ်ဆုံး မိသားစုအဖွဲ့ဝင်ဖြစ်သည်။ ပထမမွေးဖွားသော ကလေးငယ်သည် တစ်နည်းအားဖြင့် "အစမ်းသပ်ခံသတ္တဝါ" ဖြစ်သော်လည်း ဒုတိယမွေးသော ကလေးငယ်တွင်မူ မိခင်နှင့်ဖခင်တို့သည် ဆောင်ရန်ရှောင်ရန်များကို နားလည်သဘောပေါက်ခဲ့ကြပြီး ဖြစ်သဖြင့် ဒုတိယကလေးငယ်အပေါ် ရေးကြီးခွင်ကျယ်ဖြစ်မှုနှင့် သောကရောက်မှုတို့ အတန်ငယ်နည်းပါးသွား တတ်ပေသည်။ တတိယကလေးငယ် ရောက်ရှိလာသောအခါတွင်ကား ဒုတိယအလယ်အလတ် ကလေးငယ်အပေါ်တားမြစ် ချုပ်ချယ်မှုများအတိုင်းအတာ တစ်ရပ်အထိလျော့နည်းသွားကာ အတန်ငယ်မျက်ကွယ်ပြု၍ တတိယကလေးအပေါ်တွင် အာရုံစိုက်မှုပြောင်းလဲသွားကြသည်။

အလယ်အလတ်ကလေးငယ်သည် သူ့ထက်ကြီးသော ပထမကလေးငယ်၏ အဆင့်အတန်းများသို့ မည်သည့်အခါမျှမရောက်နိုင်တော့သည့်ပြင် သူ့ထက်ငယ်သော တတိယကလေးအပေါ် ထားရှိသည့်ချစ်ခြင်းမေတ္တာနှင့် အလေးထားမှုအဆင့်အတန်းကိုလည်း ပြန်လည်ရရှိရန်အကြောင်း မမြင်တော့ပေ။ ထို့ကြောင့် အလယ်အလတ်ကလေးများတွင် မိမိကိုယ်မိမိအထင်ကြီး လေးစားမှုနည်းပါးသွားတတ်ခြင်းဖြစ်ပြီး ထိုရလဒ်အတွက် မိဘမျးတွင်အဓိက တာဝန်ရှိလာပေသည်။ မိဘများအနေဖြင့် အလယ်အလတ်ကလေးငယ်က တရားမျှတမှုမရှိဟု ခံစားနေရခြင်းမဖြစ်အောင် သို့မဟုတ် လစ်လျူရှုခံရသည်ဟု ခံစားနေရခြင်းမဖြစ်အောင် ထိန်းသိမ်းရမည်ဖြစ်သည်။ ထိုသို့ ထိန်းသိမ်းထားနိုင်မှုအတွက် အချိန်ပမာဏနှင့် အားထုတ်မှုများစွာ မလိုအပ်သော်လည်း အနည်းငယ်ပို၍ အလေးထားဂရုစိုက်မှု တွေးခေါ်ယူဆမှုနှင့် သိနားလည်မှုတို့ကို လိုအပ်ပါသည်။

အသက်အရွယ်နှင့် လိင်မတူညီမှုအပေါ် မူတည်၍အလယ်အလတ်ကလေးငယ်သည် မွေးချင်းတစ်ဦးနှင့်ဖြစ်စေ အခြားမွေးချင်းများနှင့်ဖြစ်စေ အထူးသဖြင့် သံယောဇဉ်စည်းနှောင် လာလေ့ရှိသည်။ ပထမကလေးငယ်က အနည်းငယ်ပို၍ အသက်ကြီးလျှင် ထိုကလေးနှစ်ဦးသည် တစ်ဦးကိုတစ်ဦးပို၍ တွယ်တာလွယ်လေ့ရှိသည်။ ပထမကလေးနှင့် ဒုတိယကလေးတို့၏ အသက်သည်များစွာမကွာခြားလျှင်ထိုနှစ်ဦးသည် အလွန်ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်နိုင်ဖွယ်ရှိပေသည်။ မွေးချင်း ၄ဦးရှိလာလျှင် အလယ်ကလေးနှစ်ဦးသည်ပို၍ တွယ်တာလွယ်လေ့ရှိသကဲ့သို့ ပြိုင်ဘက်များလည်းဖြစ်လေ့ ရှိတတ်သည်။

### အငယ်ဆုံးကလေးငယ်

အုပ်စုတစ်ခုရှိ မွေးစကလေးငယ်သည် အလိုလိုက်ခံရလါန်း အကာအကွယ်ပေးခံရလွန်းသောကြောင့် ယေဘုယျအားဖြင့် မှီခိုစိတ်များပြီး ကိုယ်ထူကိုယ်တစိတ် ခေါင်းပါးလေ့ရှိသည်။ ဤအချက်ကို ချိန်ဆလျက် ရုပ်ပိုင်းဆိုင်ရာနမူနာများ ပြသရေးနှင့် သူ/သူမ၏ သင်ယူမှုနှင့် ကြီးပြင်းမှုတို့တွင် အထောက်အကူပြုရေးတို့အတွက် အငယ်ဆုံးကလေးတွင် မွေးချင်းတစ်ဦး သို့မဟုတ် မွေးချင်းများရှိရပေမည်။ ကြီးသောကလေးများနှင့်အတူ ပူးတွဲနေရခြင်း ထိုကလေးများပြုလုပ်သကဲ့သို့ ကြိုးစားပြုလုပ်ခြင်းတို့ဖြင့် အငယ်ဆုံးကလေးများသည်ပို၍ လျင်မြန်စွာတိုးတက်လေ့ရှိကြပြီး တန်ဖိုးရှိသောအတွေ့အကြုံများကို စောစီးစွာရရှိတတ်ကြပါသည်။

အငယ်ဆုံးကလေးများသည် ပထမဆုံးမွေးသောကလေး သို့မဟုတ် အလယ်အလတ်ကလေးများထက် ခင်မင်လွယ်တတ်ပြီး အပေါင်းအသင်းနှင့် ပို၍နေထိုင်တတ်သည်။ ထို့ပြင် အခြားကလေးများနှင့်လည်း ကျွမ်းဝင်မှုများကာ ထင်ရှားတတ်ကြသည်။ အသက်အရွယ်စုံနှင့်အတူနေ အတူဆက်ဆံလေ့ရှိခြင်းကြောင့် အငယ်ဆုံးကလေးများသည် မိသားစုပြင်ပရှိ ၎င်းတို့ရွယ်တူအဖော်များနှင့် နေသားကျသည့်ပြင် အုပ်စုလုပ်ငန်းများတွင် အလွယ်တကူပါဝင်ရန် အဆင်သင့်ဖြစ်နေကြသည်။ ထို့ကြောင့် သူတို့တွင်ခိုင်မာသော ကိုယ်ပိုင်ပုံရိပ်/ရည်မှန်းချက် မရှိနိုင်သော်လည်း သူတို့သည် လက်လျှော့အရှုံးပေးခဲ့ပြီး အထီးကျန်ဆန်၍ မနေတတ်ကြပေ။

အစ်မကြီးများရှိသည့် ယောကျာ်းလေးတစ်ဦးသည် ကြီးလာသောအခါ အမျိုးသမီးများနှင့် အဆင်ပြေစွာဆက်ဆံတတ်ကြကြောင်းကို သုတေသနများက ရှာဖွေတွေ့ရှိကြသည်။ သူတို့၏မိသားစုတွင် အမျိုးသမီးများနှင့် နေရလေ့ရှိပြီး အမျိုးသမီးများ၏ အလိုလိုက်မှုကို ခံရလေ့ရှိသဖြင့် သူသည်အမျိုးသမီးဝန်းကျင်တွင် စိတ်သက်သာပျော်ရွှင်မှုရှိကာ နွေးထွေးမှုနှင့်ချစ်ခင်တတ်သော ခံစားမှုများကို အဆင်သင့်ပြသနိုင်သည်။ အလားတူစွာပင် အစ်ကိုကြီးများရှိသော မိန်းကလေးငယ်သည်လည်း ဘေးကင်းလုံခြုံမှုနှင့် အကာအကွယ်ပေးခံရမှုတို့ဖြင့် ကြီးပြင်းလာကြရသည်။ ကြီးပြင်းလာသောအခါ သူမ၏မျှော်မှန်းချက်များ မြင့်မားနေပြီး တောင်းဆိုမှုများ များပြားနေလင့်ကစား ယောကျာ်းများနှင့် အဆင်ပြေအောင်နေတတ်ကာ သူမ၏ဘဝတွင် ယောကျာ်းများကိုတန်ဖိုးထားတတ်လာပြီး ယောကျာ်းများအပေါ်မြတ်နိုးမှုကို ပြသလေ့ရှိသည်။

## ပြိုင်ဆိုင်မှုနှင့်ပြိုင်ဆိုင်မှုကိုမည်သို့ဖြေရှင်းမည်နည်း။

မွေးချင်းညီအစ်ကို မောင်နှမချင်းပြိုင်ဆိုင်မှုအကြောင်းကို သိနေခြင်းဖြင့် ထိုပြိုင်ဆိုင်မှုမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်သည်ဟုမိဘများနားလည် သဘောပေါက်ကြသည်။ ပဋိပက္ခများ/ ပြိုင်ဆိုင်မှုများလျော့ပါး သက်သာရေးနှင့် ပြောင်းလဲလာစေရေးတို့တွင်

မိဘများက တစ်စိတ်တစ်ပိုင်း ဆောင်ရွက်နိုင်ကြ ဆောင်ရွက်ကြသော်လည်း မွေးချင်းများအတွင်း ပြိုင်ဆိုင်မှုမြောက်များစွာကိုမူ မပြောဘဲလည်းမနေနိုင်ကြ။ မဖြစ်ပေါ်စေချင်၍လည်း မရကြ။ ဆင်ခြင်သုံးသပ်၍လည်း မရနိုင်ကြပေ။ ထို့ကြောင့် မိဘများ၏ကဏ္ဍသည် ထိုအပြိုင်အဆိုင်ဖြစ်မှုကို ကျိုးကြောင်းခိုင်လုံသော ခိုင်မာတောင့်တင်းသော အကန့်အသတ်များအတွင်းမှ ထိန်းချုပ်ထားနိုင်ရန် အမှန်တကယ်ပံ့ပိုးပေးနိုင်ပေသည်။

## ပြိုင်ဆိုင်မှု၏အသွင်အပြင်များ

ကျွန်ုပ်တို့သည် မြင့်မားစွာပြိုင်ဆိုင်တတ်ကြသော လူ့အဖွဲ့အစည်းအတွင်းတွင် နေထိုင်ကြရသည်။ လူသားများသည် သဘာဝအရာအောင်မြင်သူများ ပြီးမြောက်အောင်စွမ်းဆောင်နိုင်သူများ ဖြစ်ကြသည်။ သမိုင်းဦးအစတည်းကပင် လူသားများသည် ကိုယ်တိုင်ပိုမိုကောင်းမွန်အောင် ကြိုးစားခဲ့ကြပြီး ၎င်းတို့၏ ကမ္ဘာကြီးကိုလည်း ပိုမိုကောင်းမွန်အောင် အားထုတ်ခဲ့ကြသည်။

ထင်ရှားသောသာဓကတစ်ခုကိုကြည့်ပါ။ ၁၉၅၃ခုနှစ် မေလတွင် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ ဆာဘက်ဒ်မန်း ဟီလာရီ (Sir Edmund Hillary) ဟူသောလူသားတစ်ဦး ခြေချခဲ့သည်။ အဘယ်ကြောင့် ဤတောင်ထိပ်သို့တက်ရန် ဆုံးဖြတ်ခဲ့ပါသနည်းဟု သူ့ကိုမေးကြည့်သောအခါ ယခင်တောင်တက်သမားတစ်ဦးထံမှ ငှားရမ်းသုံးစွဲခြင်းဖြစ်သော်လည်း ထင်ရှားလာသည့် သူ၏အဖြေမှာ "အောင်မြင်မှုက တောင်ထိပ်မှာရှိနေလို့ပါ" ဟူ၍ဖြစ်ပါသည်။ ဤအဖြေသည် ဟီလာရီအတွက် အကျိုးအကြောင်းခိုင်လုံလှပါသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့အားလုံး ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေးဧဝရက်တော်များကို ကြိုးစား၍တက်နေကြခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အောင်မြင်မှုများသည် စိတ်လှုပ်ရှားဖွယ် မကောင်းနိုင်သော်လည်း ကျေနပ်နှစ်သိမ့်မှုများကတော့ အစစ်အမှန်ဖြစ်ပေါ်ခဲ့ပေသည်။

အလားတူအခြေခံအဆင့်တစ်ရပ်တွင်လည်း သင်၏ကလေးငယ်များသည် ထိုသို့သောကြိုးပမ်း ရုန်းကန်မှုများကို တွေ့ရှိရပေသည်။ ကလေးတစ်ဦးချင်းစီအတွက် သူ/သူမသည် ပိုမိုတိုးတက်စေရန်နှင့် ကောင်းစွာကြိုးပမ်းအားထုတ်စေရန် သမိုင်းတွင်သောတွန်းအားများက ရောင်ပြန်ဟပ်ရင်း ကြီးပြင်းလာကြရသည်။

ပြိုင်ဆိုင်သောအပြုအမူတွင် အသွင်အပြင် ၂မျိုးရှိပါသည်။ တစ်မျိုးမှာ ကြင်နာသနားတတ်သော ပြိုင်ဆိုင်မှုနှင့်အခြားတစ်မျိုးမှာ ရန်လိုတတ်သောပြိုင်ဆိုင်မှု ဖြစ်ပါသည်။ ကလေးအများစု၏ ပြိုင်ဆိုင်မှုများမှာ သဘာဝဖြစ်စဉ်တစ်ရပ်သာဖြစ်ပြီး သူနိုင်ကိုယ်နိုင်အပြိုင်ကြရမည့် သေလျှင်မြေကြီး ရှင်လျှင်ရွှေထီးပြိုင်ဆိုင်မှုမျိုး မဟုတ်ကြပါ။ သို့ရာတွင် ပြိုင်ဆိုင်မှုအများစု၌ လူကြီးများ၏မောင်းတင်ထားသော မျှော်မှန်းချက်များကြောင့် ကလေးငယ်များအား လွဲမှားစွာပြုကျင့်မှုများ ရှိတတ်ပါသည်။

သားသမီးများအား မည်သည့်နည်းနှင့်ဖြစ်စေ အောင်ရမည် အောင်ရမည် အောင်ရမည်ဟု အကြင်နာမဲ့စွာဒေါသတကြီး တွန်းအားပေးတတ်သော မိဘများ၏ဝမ်းနည်းဖွယ် ဇာတ်လမ်းများကိုလည်း ကျွန်ုပ်တို့သရှိကြပြီး ဖြစ်ပါသည်။

ပြိုင်ဆိုင်မှုသည် ကလေးငယ်တစ်ဦးအား ကစားနည်း အောင်မြင်မှုနှင့် ရှုံးနိမ့်မှုများကို သင်ကြားပေးသည်။ ရှုံးနိမ့်မှုကား အရေးကြီးလှသည်။ ကျွန်ုပ်တို့အားလုံးသည် အခြေအနေအချိန်အခါအလျောက် ရှုံးနိမ့်မှုကိုလက်ခံနိုင်စွမ်း ရှိရမည့်အပြင် ရှုံးနိမ့်မှု၏ဒဏ် (လောကဓံ၏ထုနက်ချက်) ကိုလည်း ခံနိုင်ရည်ရှိကြရပေမည်။ အဆိုပါ တွန်းအားများ (အောင်နိုင်မှုနှင့် ရှုံးနိမ်မှု) အကြားချိန်သားကိုက်ဟန်ချက်ညီအောင် ကြိုးပမ်းရခြင်းကား လွယ်ကူလှသည့်တော့ မဟုတ်ပါပေ။ သို့ရာတွင် ကလေးငယ်များသည် လူကြီးများ၏ ဂုဏ်သိက္ခာရှိသော အောင်မြင်မှုနှင့် ရှုံးနိမ့်မှုများကို မြင်တွေ့ကရသည့်ဝန်းကျင်တွင် လည်းကောင်း ယှဉ်ပြိုင်မှုကိုအောင်မြင်မှုတစ်ခုရေးအတွက် သာဆင်ကန်းတော်တိုး တစ်ယူသန်ပြုမူခြင်းထက် အကောင်းဆုံးကြိုးပမ်းအားထုတ်ခြင်းကိုသာ အလေးပေးရှုမြင် တန်ဖိုးထားတတ်သည့် ဝန်းကျင်တွင်လည်းကောင်း ကြီးပြင်းလာရလျှင် အထက်ပါချိန်သားကိုက် ဟန်ချက်ညီမှုကို ဆောင်ရွက်နိုင်စွမ်းရှိပေလိမ့်မည်။

ယှဉ်ပြိုင်မှုပုံစံအားလုံးကဲ့သို့ပင် မွေးချင်းညီအစ်ကိုမောင်နှမချင်း ပြိုင်ဆိုင်မှုတွင်လည်း အောင်မြင်မှုနှင့်ရှုံးနိမ့်မှု အနာသတ်မျဉ်းများရှိကြသည်။ သင်သည် မိဘတစ်ဦးအနေဖြင့် အပြုသဘောအမြင်များကို မည်သို့အားပေး၍ အပျက်သဘောဆောင်သော အမြင်ကိုမည်သို့လျှော့ချ (သို့မဟုတ် ရှင်းလင်းဖယ်ရှား) မည်နည်း။

## အရွယ်အစားနှင့်အင်အား

ယင်းသည်ခိုင်မာ မြဲမြံသောစည်းမျဉ်း တစ်ရပ်မဟုတ်သော်လည်း ကြီးသောမွေးချင်းများသည် ငယ်သောမွေးချင်းများထက် ပို၍ရှည်လျားသန်မာပြီး ရုပ်ပိုင်းဆိုင်ရာအားဖြင့်ပို၍ ကျွမ်းကျင်ကြသည်။ ကလေးငယ်များသည် အသက်အရွယ်အစားနှင့် ရုပ်ပိုင်းဆိုင်ရာစွမ်းအားတို့တွင် ပို၍တင်းကျပ်စွာ အကဲဆတ်ကြလျှင် မနာလိုမှုနှင့် အားကျမြတ်နိုးမှုတို့ ရောထွေးနေတတ်သည်။

မွေးချင်းများသည် ကြီးပြင်းလာသည်နှင့်အမျှ အဆိုပါသဘာဝအလျောက် ကွာဟမှုများနှင့် ခြားနားမှုများကို များစွာကျော်လွှားလွန်မြောက်နိုင်စွမ်း မရှိကြပါ။ သို့ရာတွင် မိဘများက အငယ်မွေးချင်းကလေးငယ်ကို အချိန်မီသံသယစိတ် မလုံမလဲစိတ်ပျောက်စေရန် ကူညီပံ့ပိုးပေးခြင်းဖြင့် ကလေးငယ်သည် စိတ်ရောကိုယ်ပါ ကြံခိုင်သန်မာလာပေလိမ့်မည်။ "မနှစ်ကသားအရွယ် ဘယ်လောက်သေးသေးလေးလဲဆိုတာ မှတ်မိလား။ ဟောအခုကြည့်စမ်း။ ဘယ်လောက်ထွားလာသလဲလို့။ စိတ်ရှည်ရှည်ထားပါကွာ။ တစ်နေ့ကျရင် သားလည်း

အာလန်လိုပဲ ထွားထွားကြိုင်းကြိုင်းကြီး ဖြစ်လာမှာသေချာတယ်" ဟူသောစကားမျိုးသည် မထူးပုံ အရေးမပါပုံရသော်လည်း ကလေးငယ်အတွက်မူ ကြီးမားသောအားပေးမှုတစ်ရပ် အစွမ်းထက်သောအားဆေးတစ်ခွက် ဖြစ်ပါသည်။ အသက်ကြီးသော မွေးချင်းကလေးများသည်ကျောင်းစ၍တက်ခြင်း စက်ဘီးစီးတတ်ခြင်း ငယ်သွားလဲခြင်းစသည့်အဆင့်သစ် တစ်ခုသို့ရောက်ရှိပါက အဆိုပါသေးငယ်သောအားပေးစကားက ကလေးငယ်အတွက် အလွန်ပင်အဖိုးထိုက်တန်စေပါသည်။ လူကြီးများအတွက် အရေးမပါသော်လည်း ကလေးငယ်အတွက်မူ အရေးကြီးပါသည်။ ကလေးငယ်များတွင် လူကြီးများနှင့်မတူဘဲ အနာဂတ်ကိုစီမံလျာထားရေးဆိုင်ရာ အထောက်အထားများအတွက် ကန့်သတ်ထားသော ဘောင်တစ်ခုရှိနေကြသည်။ မည်သည့်အရာကိုမျှော်မှန်းရမည်။ မည်သည့်အရာကို ကြိုတင်တွက်ဆထားရမည်ဟူသော အချက်များကို ကလေးငယ်များအား ပြောပြထားရန်လိုပါသည်။

## မွေးချင်းကလေးကြီးများသည် နမူနာများကဲ့သို့ဖြစ်ခြင်း

ကလေးငယ်အများစုသည် သူ/သူမ၏ကျွမ်းကျင်မှု စွမ်းရည်များနှင့်ပတ်သက်ပြီး သူ/သူမထက်ကြီးသော မွေးချင်းများကဲ့သို့ တတ်မြောက်စေရန် ပြင်းပြစွာနမူနာယူကြပါသည်။ ဥပမာ အသက် ၁၂နှစ်ရှိသော တင်မ် (Tim) သည် ဂစ်တာသမားဖြစ်ပြီး သူ၏ဂစ်တာဖြင့်လေ့ကျင့်လေ့ရှိသည်။ သူ၏ ညီငယ်လေး အသက် ၉နှစ်သား ဖီးလ် (Phil) က တင်မ်ကိုအားကျပြီး တင်မ်ကိုအတုခိုးချင်သည်။ ဖီးလ်၏အသက်အရွယ်နှင့် လေ့ကျင့်ရန်လွယ်ကူသော သီချင်းများနှင့်တီးကွက်များကို ဖီးလ်အားသင်ကြားပေးရန် တင်မ်ကိုတိုက်တွန်းအားပေးနိုင်ပါသည်။

အို အဘဘုရားသခင်
– မြင့်မြတ်သောဘုရင်ကြီးနှင့် ဘုရင်မကြီးတို့၏ အပြစ်ကိုမတောင်းဆိုပါ။
တပည့်တော်နှင့်သားငယ်လေးတို့ လက်ချင်းတွဲ၍
အဘဘုရားသခင်ထံလာရောက်ဖူးမြော်ခွင့်ကိုသာ တောင်းဆိုပါသည်။
– ဝတ်ပြုဆုတောင်းရန် သာယာသောအသံနှင့်ပြည့်စုံသော
ဘုရားသခင်အား ဖူးမြော်ရန်ကြည်လင်ရွှန်းလဲ့သော မျက်လုံးအစုံရှိသော
ဘုရားသခင်လမ်းပြသည့်အတိုင်း လျှောက်လှမ်းနိုင်သော
ခြေထောက်အစုံပါရှိသော သားသမီးကိုသာတောင်းဆိုပါသည်။
– ဘုရားသခင်၏ ဒေသနာများကို ဖြန့်ဝေတော်မူပါ။
အမှန်တရားများကို မိန့်ရွှေတော်မူပါ။
ကျွန်ုပ်၏နှလုံးသားတွင် ချစ်ခြင်းမေတ္တာများ ထာဝစဉ်နုပျိုနေစေမည့်
ကျက်သရေတော်ကို ပေးသနားတော်မူပါ။
– အဘဘုရားသခင်၏ မြတ်နိုးသောအဖေါ်အပေါင်းပြစ်ရဲ
ယုံကြည်ခြင်း မြတ်နိုးခြင်းတို့ကို အဖေါ်ပြုကာ
ဘုရားသခင်ထံသို့
ကလေးငယ်နှင့် ကျွန်ုပ်တို့တစ်လှမ်းပြီးတစ်လှမ်း
တစ်နေ့ပြီးတစ်နေ့ ဖြတ်သန်းလျှောက်လှမ်းပါရစေ။

## ကန့်သတ်ချက်များချမှတ်ခြင်း

မွေးချင်းညီအစ်ကို မောင်နှမချင်း ကာယအားဖြင့်ပြိုင်ဆိုင်မှု ပြုလာလျှင်လိုအပ်ပါက မိဘများက အကာအကွယ်ပေးကြရပါမည်။ ကြီးသောကလေးက သူ၏အရွယ်ပမာဏ ကြီးမားမှုကို အခွင့်အရေးယူကာ အငယ်မွေးချင်းအား အနိုင်ကျင့်ခြင်း အန္တရာယ်ပြုခြင်း မရှိရန်မိဘများက သတိထားကာကွယ် ရပါမည်။ သာမန်ဖြစ်ပွားခြင်းနှင့် အပြင်းအထန်တိုက်ခိုက် သတ်ပုတ်ခြင်းတို့သည် ဘဝတွင်တွေ့ကြုံရသည့် ပြဿနာများဖြစ်သော်လည်း မိဘများက လိုအပ်လာလျှင် ကန့်သတ်ချက်များ ချမှန်ထားရပါမည်။ ထိုသို့ကန့်သတ်ချက်များချမှတ်ခြင်းကြောင့် ပြိုင်ဆိုင်မှုမှသည် ရုပ်ပိုင်းဆိုင်ရာအလွဲသုံးမှုဆီသို့ ပြောင်းလဲမသွားရန် ကာကွယ်ပေးနိုင်သည်။ "သားရဲ့ခံစားမှုကိုဖေါ်ပြတာဟာ သဘာဝကျတယ်။ သားစိတ်ဆိုးလာရင် ဘာကြောင့်စိတ်ဆိုးတယ်ဆိုတာ မေမေ့ကိုလာပြီး ပြောပြပါ။ မေမေနားထောင်မယ်။ ဒါပေမဲ့ မိသားစုထဲမှာတော့ ရန်ဖြစ်တာတို့ သတ်ပုတ်တာတို့ ဘယ်တော့မှမလုပ်ရဘူးနော်" ဟူသော ရိုးရှင်းဖြောင့်မတ်သည့် စည်းမျဉ်းတစ်ရပ် ချမှန်ခြင်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ပါသည်။

ကလေးငယ်များ နေအိမ်တွင်သင်ယူကြရသော တန်ဖိုးများနှင့်ပုဂ္ဂိုလ်ရေး အပြုအမူများကို သူတို့၏ဘဝတစ်လျှောက်လုံး ပြင်ပ

လောကထဲသို့ သယ်ယူသွားလေ့ ရှိကြပါသည်။ ထို့ကြောင့် ရိုက်နှက်ခြင်း၊ ထိုးကြိတ်ခြင်း၊ ကိုက်ခြင်း သို့မဟုတ် ကန်ကြောက်ခြင်းစသည့်အကြမ်းဖက်မှုများကို မည်သည့်အခြေအနေမျိုးတွင်မှ ခွင့်မပြုရပေ။

နှုတ်စကားဖြင့် အကြမ်းဖက်မှုမျိုးများလည်း ရှိပါသည်။ ကြမ်းတမ်းရိုင်းစိုင်း၍ အကြားမတော်သော နာမည်ကိုခေါ်ခြင်းသည် ကာယအားဖြင့် တိုက်ခိုက်ခြင်းကဲ့သို့ပင် အန္တရာယ်ရှိနေနိုင်ပြီး မိသားစုတစ်ခုအနေဖြင့် ယင်းကဲ့သို့ခေါ်ဝေါ်ခြင်းကို တားမြစ်ပိတ်ပင်ထားသင့်သည်။ သင်၏ ကလေးငယ်များ ပြောဆိုသမျှကို သင့်အနေဖြင့်အချိန်ပြည့်စောင့်ကြည့် မနေနိုင်သော်လည်း သင့်နားထဲတွင် အကြားမတော်သော စကားများကြားရပါက ထိုစကားများကို ချက်ချင်းရပ်ခိုင်းရန် လက်မနှေးပါစေနှင့်။ အပြောခံရသော ကလေးငယ်ကိုလည်းတောင်းပန်ခိုင်းပါ။

## ဝင်ရောက်စွက်ဖက်ခြင်းပြုသင့် – မပြုသင့်

မွေးချင်းညီအစ်ကိုမောင်နှမချင်း ကတောက်ကဆစကားများခြင်းကို မိဘများကဝင်ရောက်စွက်ဖက်မှု မပြုခြင်းသည် တစ်ခါတစ်ရံအကောင်းဆုံးဖြစ်သည်။ ဤသို့ ကတောက်ကဆစကားများခြင်းသည် ကလေးငယ်များနေ့စဉ်နှင့်အမျှ တွေ့ကြုံရသော ပြဿနာများကို ၎င်းတို့ကိုယ်တိုင် ဖြေရှင်းရာတွင် အထောက်အကူပြုသကဲ့သို့ ကိုယ်တိုင်အောင်မြင်စွာ ဖြေရှင်းနိုင်စွမ်း ရှိလာစေပါသည်။

ညီအစ်ကိုမောင်နှမများ အတူတကွကစားခြင်း ယှဉ်ပြိုင်ခြင်းပြုကြရာတွင် ၎င်းတို့ကိုယ်တိုင်ကျေနပ် နှစ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ချမှန်လေ့ရှိကြပါသည်။ ယင်းသို့ချမှတ်ခြင်းသည် ကလေးငယ်များအနေဖြင့် လူမှုရေးစည်းမျဉ်းများကို အတုယူရေးတွင်အထောက်အကူဖြစ်သည့်ပြင် တစ်ဦးနှင့်တစ်ဦးဆက်ဆံရေး စွမ်းရည်ကိုပိုမိုချောမွေ့စေသည်။ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း၊ ယင်းတို့ကိုငြင်းခုန်ခြင်း ပြန်လည်စီစစ်ချမှတ်ခြင်းတို့သည် ငယ်ရွယ်သောယှဉ်ပြိုင်သူများအတွက် သာမန်ကိစ္စသာ ဖြစ်ပါသည်။ အငြင်းအခုန်ပြုရန်ချမှတ်သော စည်းမျဉ်းမဟုတ်လျှင် မိဘများကဝင်ရောက်စွက်ဖက်ရန် မလိုအပ်ပါ။ အကယ်၍ ဝင်ရောက်စွက်ဖက်ရမည်ဆိုလျှင်လည်း တရားမျှတမှုကို လက်ကိုင်ထားပါ။

ပြဿနာများသည် ကလေးများကိုယ်တိုင် ဖြေရှင်းရန်လက်လှမ်းမမီတော့သည့်ပြင် ကိုယ်ခန္ဓာဆိုင်ရာ အကြမ်းဖက်မှုဖြစ်သည်အထိဆိုးရွားလာတော့မည် ဖြစ်ပါက မိဘများအနေဖြင့် ဝင်ရောက်စွက်ဖက်ရပါလိမ့်မည်။ သို့ရာတွင် အကင်းပါးသော မိဘများသည် ဆိုးရွားလာမည့် အခြေအနေများကို ကြိုတင်တွက်ဆတတ်ကြပါသည်။ ထို့ပြင် လက်မခံနိုင်သော အပြုအမူများဆီသို့ မထင်မရှားရှေ့မှူတက်သည့် လျှို့ဝှက်သောသင်္ကေတများကိုလည်း သဘောပေါက်လေ့ရှိကြပါသည်။

ကိုယ်ခန္ဓာအားကိုး၍ အပြိုင်အဆိုင်ပြုမှုသည် မွေးချင်းညီအစ်ကို မောင်နှမချင်း တစ်ဦးနှင့်တစ်ဦးပြိုင်ဆိုင်ရန် ပြင်းပြသောကျေနပ်ဖွယ်ကောင်းသော ပြိုင်ဆိုင်မှုတစ်မျိုးဖြစ်သည်။ ကာယအားဖြင့် ယှဉ်ပြိုင်ခြင်းမပြုနိုင်သော ကလေးငယ်သည် ပညာရေးတွင်ပိုမိုထူးချွန်အောင် ကြိုးစားခြင်းဖြင့် လျော်ကြေးရယူတတ်သည်။

ဥပမာ ၉နှစ်ကလေးငယ် ဟဲရီးယက် **(Harriet)** သည်ဘောလုံးတစ်လုံးကို ဖြောင့်အောင်မပစ်နိုင်ပေ။ သူမသည် ခန္ဓာကိုယ်ကြုံလှီသေးကွေးသဖြင့် အားကစားတွင် ထူးချွန်ကြသောအစ်ကိုအစ်မများက သူမကိုစကြနောက်ကြသည်။ သို့သော် ဟဲရီးယက်သည် ကျောင်းစာတွင်တော်သူတစ်ဦးဖြစ်သည်။ ကျောင်းစာကိုသာ အာရုံစူးစိုက်ကြိုးစားကာ ထူးချွန်သဖြင့် ပညာရေးဆိုင်ရာ ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိလာသည်။ ထိုအောင်မြင်မှုက သူမ၏အကြီးမွေးချင်းများအား သူမကိုအသိအမှတ်ပြုလာစေပြီး သူမလိုအပ်နေသော စိတ်ဓါတ်မြင့်မားမှုကိုလည်း ဖြည့်ဆည်းပေးပါသည်။

မွေးချင်းညီအစ်ကိုမောင်နှမများရှိသော မိဘတစ်ဦးအနေဖြင့် သင်၏တာဝန်မှာ ဟန်ချက်မျှအောင်ဆောင်ရွက်ရေးနှင့် လိုအပ်သည့်နေရာများတွင် “ထိန်းမနိုင်သောဖြစ်ရပ်များ” ဖြစ်မလာစေရေးအတွက် လူတိုင်းသဘောပေါက်သော ဆင်ခြင်ဉာဏ်ကို အသုံးပြုထိန်းချုပ်ရေးပင်ဖြစ်သည်။ “ဒီကိစ္စဟာ သူ့ကိုယ်သူ/ သူမကိုယ် သူမဖုံးကွယ်ထားဖို့ လျော်ကြေးတစ်ခုအဖြစ်သုံးပြုတဲ့ စိတ်ဝင်စားမှု (သို့မဟုတ် ကျွမ်းကျင်မှု သို့မဟုတ် စွမ်းရည်) အသစ်လား” ဟုသင့်ကိုယ်သင်ပြန်၍ မေးနိုင်ပါသည်။

ကျွန်ုပ်တို့၏နမူနာကို လေ့လာဆန်းစစ်ကြည့်ကြပါစို့။

ဟဲရီးယက်သည် သူမ၏အားကစား စွမ်းရည်ညံ့ဖျင်းမှုကို လျော်ကြေးယူသည့်အနေဖြင့် ကျောင်းစာတွင်ထူးချွန်အောင် ကြိုးစားသည့်တော်သော ကျောင်းသူတစ်ဦးဖြစ်သည်။ သို့ဖြင့် သူမသည်သာမန်ကလေးဘဝ ကစားပွဲများ လှုပ်ရှားမှုများကို တဖြည်းဖြည်းရှောင်ကြဉ်စပြုလာသည်။ သူမ၏ဘဝကို ကျောင်းစာအုပ်များတွင်သာ နစ်မြှုပ်ထားလိုက်သည်။ သို့ဖြင့် သူမသည်ကျောင်းတွင် အထီးကျန်ဆန်သောငြီးငွေ့ဖွယ်ရာ ကောင်းသူတစ်ဦးဖြစ်လာတော့သည်။

သာမန်တွန်းအား တစ်ရပ်သည် မိမိကိုယ်မိမိဖျက်ဆီးတတ်ပြီး မိဘများ၏ စနစ်တကျဖြေရှင်း ဆောင်ရွက်ပေးမှုဖြင့် ထိုတွန်းအားကိုလျော့ပါး စေပါသည်။ သို့ရာတွင် “သတိနှင့်ဖြေရှင်း” ပါဟူသောဆောင်ပုဒ်ကိုမူ လက်ကိုင်ထားရန်လိုပါသည်။ အချို့မိဘများသည်ကလေးငယ်များ၏ ယာယီမျှသာဖြစ်တတ်သော ပြဿနာများကို အစိုးရိမ်လွန်တတ်ကြပြီး အဖြစ်သည်းတတ်ကြသည်။ သို့သော်သင်၏ကြားဝင် ဖြေရှင်းမှုကိုတောင်းဆိုလာလျှင်မူ ပရိယာယ်ငြိဖွဲ့ အချိန်မီအောင် ဆောင်ရွက်ပေးသင့်သည်။

ကလေးငယ်များသည် မိမိကိုယ်မိမိသေချာစွာ မသိနားမလည်မှုကြောင့် ၎င်းတို့မည်သူဖြစ်ခြင်းအတွက်ထက် ၎င်းတို့စွမ်းဆောင်နိုင်မှုတစ်စုံတစ်ရာအတွက် လက်ခံမှုရရှိရေးနှင့် ချစ်ခင်နှစ်သက်မှုရရှိရေးကို ကြိုးစားအားထုတ်လေ့ရှိကြပါသည်။ ယင်းသို့ ကြိုးပမ်း

အားထုတ်မှုသည် စံထားအပ်သော သာမန်သဘောထားတစ်ရပ်မျှသာ ဖြစ်သော်လည်း ချစ်မြတ်နိုးတတ်သော သားသမီးများကို နားလည်သဘောပေါက်တတ်သော မိဘများကြောင့် လျော့ပါးသက်သာမှု ရရှိပေသည်။ သီးခြားပါရမီများ စွမ်းရည်များနှင့် ကျွမ်းကျင်မှုများကို ပဓာနမထားဘဲ သူသို့မဟုတ် သူမသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အဖြစ် လေးစားထိုက်သည်ဆိုခြင်းကို ကလေးတိုင်းသိရှိနေရန်လို အပ်ပါသည်။

## အမှတ်တံဆိပ်/အမှတ်သညာများသတ်မှတ်ခြင်း

မိဘများသည် ၎င်းတို့၏သားသမီးများအား အမှတ်တံဆိပ်/အမှတ်သညာများ သတ်မှတ်လေ့ရှိကြောင်း ကျွန်ုပ်တို့အားလုံး သိရှိကြပါသည်။ "သူကတော့ မိသားစုထဲမှာ စာကြမ်းပိုးပဲ" သို့မဟုတ် "သမီးကတော့ တကယ့်တော်တယ်" သို့မဟုတ် "အားလုံးစည်းကမ်းရှိပေမဲ့ သူကတော့စည်းကမ်းပျက်ပဲ" "လူပျက်" "အရှက်ကြီးတယ်" "ဉာဏ်ထိုင်းတယ်" "ဇာတ်လိုက်သမီးပဲ" "ပူပန်တတ်သူပဲ" စသည်ဖြင့် အမျိုးမျိုးပညာတ် တတ်ကြပေသည်။ လူကြီးများက ယင်းစကားများကို အပျော်အပျက်သုံးခြင်းဖြစ်သော်လည်း အခြားတစ်ဘက်တွင်မူ ကလေးများက အသည်းစွဲအောင် မှတ်သားတတ်ကြသည်။ ကလေးငယ်၏ ကိုယ်ပိုင်သဘောထားကို အားကူဖြည့်သည်ဆိုသော်ငြားလည်း အမှတ်အသားပြု၍ ပြောဆိုသုံးစွဲခြင်းသည် ကလေးများအတွက် အန္တရာယ်များလွန်းသည်။ ကလေးငယ်တစ်ဦးကို နေအိမ်တွင် "စည်းကမ်းမရှိသူ" သို့မဟုတ် "နမော်နမဲ့နိုင်သူ" သို့မဟုတ် "ဉာဏ်ထိုင်းသူ" အမည်သတ်မှန်လေ့ရှိလျှင် ထိုကလေးငယ်သည် ထိုထက်ပင်ပို၍ စည်းကမ်းမဲ့လာတတ်သည်။ နမော်နမဲ့နိုင်တတ်သည်။ ဉာဏ်ထိုင်းလာတတ်သည်။ ထို့ကြောင့် အမှတ်တံဆိပ်/အမှတ်သညာ သတ်မှတ်သုံးစွဲခြင်းသည် ကလေးငယ်အား သူ့ကိုယ်သူကြိုတင် ဟောကိန်းထုတ်သကဲ့သို့ ဖြစ်လာတတ်ပါသည်။

## နှိုင်းယှဉ်မှုပြုခြင်း

"သားရဲ့အစ်မကြီးအခန်းကို ကြည့်စမ်း။ မင်းဘာဖြစ်လို့ သူ့လိုသပ်သပ်ရပ်ရပ် မလုပ်နိုင်တာလဲ"

"ကျောင်းမှာ မင်းအစ်ကိုကြီးလို စာတော်ချင်သလား"

ထိုသို့သော ဝေဖန်ပြောဆိုမှုများကို ကျွန်ုပ်တို့အားလုံးကြားနေကြရသည်။ မိဘများသည် ကလေးများအား မွေးချင်းအချင်းချင်း၏မျက်လုံးများ ဆံပင် အသားအရည် အရွယ်အစား စသည့်ရုပ်ပိုင်းဆိုင်ရာ အမြင်များကိုနှိုင်းယှဉ်တတ်ကြသည်။ အခြားသော နှိုင်းယှဉ်မှုများမှာ ကလေးများ၏ စွမ်းရည်များ ကျောင်းစာအပြုအမူနှင့် ကိုယ်ရည်ကိုယ်သွေးတို့ပင် ဖြစ်သည်။

မိဘများအနေဖြင့် နှိုင်းယှဉ်မှုများကို ရှောင်လွှဲရန်ခက်ခဲသော်လည်း ယင်းသို့နှိုင်းယှဉ်ပြောကြားမှုကြောင့်ပင် (အထူးသဖြင့် ကလေးငယ်ကြားသွားလျှင် ) ထောင်ချောက်ထဲသို့ကျရောက်တတ်သည်။ အန္တရာယ်ရှိတတ်သည်။ ကလေးငယ်၏ အဓိကတာဝန်မှာ လူကြီးတစ်ဦး ပီသစွာကြီးပြင်းလာစေရန်ဖြစ်ပြီး မိဘများ၏ တာဝန်မှာ ယင်းသို့ကြီးပြင်းလာစေရန် ကူညီရေး အားပေးရေးပင်ဖြစ်ပါသည်။ သို့သော် အမြဲမပြတ် နှိုင်းယှဉ်ပြောကြားလေ့ရှိသော မိဘတစ်ဦးသည် ထိုဖြစ်စဉ်ကို အဟန့်အတားများ ဖန်တီးနေခြင်းဖြစ်သည်။ အကြောင်းမူ တစ်ဦးတစ်ယောက်က နှိုင်းယှဉ်ပြုလုပ်လျှင် ထိုသူသည်စင်စစ်ဆုံးဖြတ်ချက်တစ်ခု ပြုလုပ်နေခြင်းဖြစ်ပြီး ဤတွင် ဆုံးဖြတ်ခံရသူက စိတ်ဒုက္ခခံစားရလေ့ရှိသောကြောင့် ဖြစ်ပါသည်။

မွေးချင်းနှစ်ဦးရှိသော မိသားစုတွင် တစ်ဦးသည်အခြားတစ်ဦးနှင့် အပြန်အလှန်အားဖြင့် အသွင်အပြင် ဉာဏ်ရည်နှင့်အပြုအမူတို့တွင် အမြဲမပြတ်ချီးမွမ်းခံရလေ့ရှိသည်။ အခြားတစ်ဦးမှာမူ ထိုသို့ချီးမွမ်းထိုက်သော အရည်အသွေးများ မရှိသည့်သဘောသက်ရောက်နေသဖြင့် ထိုကလေးငယ်မှာ မခံမရပ်နိုင်ဖြစ်မှုနှင့် မနာလိုဖြစ်မှုများ ခံစားစိတ်ပျက်အားလျော့ပြီး တိုးတက်ရန်ကြိုးစားမှု မပြုတော့ပေ။

## သူ့ပစ္စည်း၊ ငါ့ပစ္စည်းအငြင်းပွားခြင်း

အသက်အားဖြင့်မကွာခြားလှဘဲ နီးစပ်နေသောမွေးချင်းကလေးငယ်များသည် အဝတ်အစားနှင့်ပတ်သက်၍ ကတောက်ကဆဖြစ်လေ့ရှိကြသည်။ ထို့ပြင် ကစားစရာများ၊ အရုပ်များ၊ စာအုပ်များနှင့် ပိုင်ဆိုင်လိုသော အထူးအခွင့်အရေးများနှင့် ပတ်သက်၍ ခိုက်ရန်ဖြစ်တတ်ကြသည်။ ယုတ်စွအဆုံး သူ့ကိတ်မုန့်ကကြီးသည်။ ငါ့ကိတ်မုန့်ကသေးသည် ဟူသောအကြောင်းအရာ ကလေးမျှနှင့်ပင် အငြင်းအခုန်ဖြစ်တတ်ကြပါသည်။

ကလေးတစ်ဦး၏ ပိုင်ဆိုင်ပစ္စည်းများသည် သူ/သူမ၏တိုးချဲ့ထားသော နယ်ပယ်တစ်ခုဖြစ်ပြီး ထိုပိုင်ဆိုင်ပစ္စည်းများကို လွတ်လပ်စွာသုံးစွဲ ခံစားကြသည်။ မိသားစုနေထိုင်မှုဘဝတွင် ဤအချက်ကိုလက်ခံခြင်းဖြင့် အပြန်အလှန်လေးစားမှု တည်ဆောက်ရေးကို အထောက်အကူပြုသည်။ ဥပမာအားဖြင့် လေးနှစ်သားကလေးငယ်တစ်ဦးသည် သူငယ်ချင်းတစ်ဦးနှင့် သစ်သားတုံးကလေးများကို အသုံးပြုကာ အဆောက်အဦးတစ်ခု ဆောက်လုပ်ကစားရင်း အချိန်ဖြုန်းလေ့ရှိသည် ဆိုပါစို့။ ထိုအချိန်တွင်ပင် ၂နှစ်သားအရွယ်ကလေးငယ်အား တစ်ခဏမျှစဉ်းစားခြင်းမပြုဘဲ အဆောက်အဦးတစ်ခုလုံးကို ဖြိုချပစ်လိုက်သည်။ ထိုအခါတွင် ၂နှစ်သားကလေးငယ်

အတွက် ပြုမူတတ်သော သဘာဝဖြစ်သော်လည်း ၄နှစ်သားကလေးငယ်ကမူ အော်ဟစ်ငြီးတွားကာ ဒေါသပုပ်နံထမည်ကို ကျွန်ုပ်တို့ အားလုံးသိပြီးဖြစ်ပါသည်။ ဤဖြစ်ရပ်မျိုးတွင် သူ၏ညီ/ညီမလေးသည် နားလည်သဘောပေါက်ရန် ငယ်လွန်းသေးကြောင်း ၄နှစ်သား ကလေးငယ်ကို သတိပေးပြောကြားရန် မဖြစ်နိုင်ပေ။ ထိုသို့သတိပေး ပြောဆိုခြင်းသည် အကျိုးရှိအောင်ဆောင်ရွက်ခြင်း ဖြစ်သော်လည်း ၄နှစ်သားကလေးငယ်၏ ဆောင်ရွက်မှုအား မစဉ်းစားတတ်သေးသော ၂နှစ်သားကလေးငယ်၏ ဖျက်ဆီးမှုမှအကာအကွယ်ပေးနိုင်သည့် အစီအစဉ်များလည်း ချမှတ်ထားသင့်ပါသည်။ မိသားစုအတွင်း အသက်နှင့်နေရာရရှိမှုကို အလေးမထားဘဲ မွေးချင်းများသည် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ထားကြောင်းသိရမည့် အပြင်အပြန်အလှန်အားဖြင့် အခြားသူများ၏ လိုအပ်ချက်များနှင့် အခွင့် အရေးများကိုလည်း လေးစားတတ်ရန် သင်ကြားပေးရမည်။

## အသက်အရွယ်ကွာခြားမှုများ

အသက်အရွယ်ကွာခြားမှုသည် မွေးချင်းပေါက်ဖော်ကလေးငယ်များအား သူတို့အစ်ကိုများ အစ်မများတွင်ရှိသည့်အရာအားလုံး ကိုသူတို့မရရှိနိုင်ကြောင်း သင်ယူလက်ခံနိုင်ရေးကို အခွင့်အလမ်းသာစေပါသည်။ ကလေး ၄ယောက်၏ မိခင်တစ်ဦး၏ "ကလေးတိုင်း ရဲ့ရှူးဖိနပ်တွေဟာ တချိန်တည်းစုတ်ပြတ်မသွားပါဘူး" ဟူသောပြောစကားကဲ့သို့ပင် ဖြစ်ပါသည်။ ကလေးတစ်ဦး၏ ရင့်ကျက်မှုသည် အသက်နှင့်အရွယ် ပမာဏကွာခြားမှုများ အမှတ်တကယ်ရှိကြောင်းနှင့် ထိုကွာခြားချက်များက အချို့သော အထူးအခွင့်အရေးများကို သယ်ဆောင်လာတတ်ကြကြောင်းကို ကောင်းစွာ သိမြင်ခြင်းပင် ဖြစ်ပါသည်။ "ဘော်ဘီက စက်ဘီးစီးနိုင်တဲ့အရွယ်ရောက်နေပြီ။ ဒါပေ မဲ့သားအတွက်တော့နည်းနည်း အန္တရာယ်များလိမ့်မယ်။ စိတ်ရှည်ရှည်ထားပေါ့ကွာ။ သားလည်း ဘော်ဘီအရွယ်ရောက်လာရင် ဖေဖေ သားဖို့စက်ဘီးတစ်စီး ဝယ်ပေးမှာပေါ့" ဟူသောစကားမျိုးဖြင့် ကလေးငယ်၏ သံသယစိတ်ကို လျှော့ပါးအောင်နှစ်သိမ့်အားပေးရပါ မည်။

## မျှဝေသုံးစွဲမှု

ပိုင်ဆိုင်သောပစ္စည်းများကို သိမ်းဆည်းရန်သီးခြားနေရာကလေးတစ်ခု ရရှိခြင်းသည် မွေးချင်းပေါက်ဖော်ကလေးတစ်ဦး၏ ကိုယ်ပိုင်သီးခြားဖြစ်မှု အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ယင်းသည် သူ သို့မဟုတ် သူမ၏မိသားစု စီမံကိန်းအတွင်း ကိုယ်ပိုင်သီးခြား နေရာတစ်ခု ပိုင်ဆိုင်ခြင်း၏ အမှတ်လက္ခဏာပင် ဖြစ်ပါသည်။ ထို့ကြောင့် အခန်းတစ်ခုတည်းတွင် အတူမျှဝေ၍နေရသော သင့်မွေးချင်း သားသမီးများအတွက် စိတ်မပျက်ပါနှင့်။ အခန်းကို ဒီတဝက်ကသားအတွက် ဒီတဝက်ကသူ့အတွက်ဟူ၍ သတိထားပြီးခွဲခြမ်းမျှဝေပေး လိုက်ပါ။ ဤကိစ္စသည် သင့်အတွက်အထူးအဆန်းဖြစ်ကောင်း ဖြစ်နေပါလိမ့်မည်။ သို့သော် ကလေးများအတွက်မူ အရေးကြီးသော ကိစ္စ ဖြစ်ပြီး ၎င်းတို့၏ တစ်ဦးချင်းစီသီးခြားဖြစ်မှုကို အတိအကျဖော်ပြသောနည်းလမ်း တစ်ခုလည်းဖြစ်ပါသည်။ ကြီးပြင်းလာသော ကလေး များအတွက် မျှဝေခြင်းသည် အရေးကြီးသော်လည်း

# ၄နှစ်သားကလေးငယ်

လေးနှစ်သားကလေး ရောဘတ် (Robert) သည် တောင်းဆိုမှုများလွန်းပြီး ဇွတ်တရွတ်နိုင်သော ကလေးတစ်ဦးဖြစ်သည်။ ထို့ကြောင့် နောက်ကလေးတစ်ဦး မွေးဖွားလာလျှင် သူမည်သို့တုန့်ပြန်မည်ကို မိဘများကသဘာဝအတိုင်း ပူပန်နေတတ်ကြသည်။ ရောဘတ်ကို သေချာစွာသတိထား၍ ကြိုတင်ပြင်ဆင်ပေးထားပြီး ဖြစ်သည်။ သူသည့်ဖြစ်လာမည့် အခြေအနေအားလုံးကို လေ့လာသိရှိ ပြီးဖြစ်သည်။ မေမေသည် ကလေးမွေးဖွားပြီးစဖြစ်ကြောင်းနှင့် သူ့တွင် ညီကလေးတစ်ယောက်ရခဲ့ပြီ ဖြစ်ကြောင်းကိုသူသိသည်။ နောက် ဆုံးတွင် မေမေ ညီလေးနှင့် သူနာပြုဆရာမတို့ ဆေးရုံမှအိမ်သို့ပြန်လာကြသည်။ လူတိုင်းက ပြဿနာဖြစ်လာမည့် အရေးကိုတွေး၍ပူပန် နေကြသည်။ သို့သော် ရောဘတ်ကသူတို့အားလုံးကို အံ့အားသင့်စေခဲ့သည်။ သူသည်လုံးဝတည်ငြိမ်အေးဆေးနေသည့်ပြင် ကလေးသေး သေးလေးအပေါ်တွင် စိတ်ဝင်စားဟန်ပင် ပြလိုက်သေးသည်။ အသစ်ရောက်လာသော ကလေးငယ်လေး၏ ဝန်းကျင်တွင်ရောက်ယက် ခတ်မနေဘဲ ရက်အတန်ကြာအောင် တည်တည်ငြိမ်ငြိမ်နေခဲ့သည်။

ရက်သတ္တပတ်၏ သောကြာနေ့တွင်မှ သူနာပြုဆရာမက အားလပ်ရက်အတွက် ပြန်သွားတော့သည်။ သူမသည် အဝတ်အစား သေတ္တာကို ထည့်သိုပြီးနှုတ်ဆက်စကားဆိုကာ ရောဘတ်ကိုနှုတ်ဆက်သည့် အနေဖြင့်နမ်းရှုပ်၍ တံခါးမှစ၍ထွက်ခွာသွားတော့သည်။ ရောဘတ်က သူမ၏နောက်သို့ပြေးလိုက်သွားကာ "ဟေး အဒေါ်ကြီး" ဟုအော်ခေါ်လိုက်ပြီး "ခင်ဗျားကလေးကို ခင်ဗျားမေ့ထားခဲ့တယ်"

ဟုပြောလိုက်ပါတော့သည်။

ဒုတိယကလေးရောက်ရှိလာခြင်းကို ရောဘတ်ရုတ်တရက်သိရှိသွားခြင်းမှာ ယာယီအခိုက်အတန့်မျှ မဟုတ်ခြင်းကိုပင်ဖြစ်သည်။ ဒုတိယကလေး ရောက်ရှိလာခြင်းသည် ပျော်ရွှင်ကျေနပ်ဖွယ်ရာ ကာလဖြစ်သော်လည်း သူ/သူမနှင့်အတူ လိုအင်များ၊ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့်စီးပွားရေးဆိုင်ရာ စိတ်ခေါ်မှုများကိုပါ သယ်ဆောင်လာလေ့ရှိပေသည်။ စိတ်ပညာရှင်တစ်ဦးက ပထမကလေးသည် အတွဲ/အစုံအဖြစ်မွေးဖွားလာရပြီး ဒုတိယကလေးမှာ မိသားစုဘဝအဖြစ် မွေးဖွားလာရသည်။ ထို့ပြင် ဒုတိယကလေးကို နေရာထိုင်ခင်းပေးရေးအတွက် မိသားစုဖွဲ့စည်းပုံ အတွင်းအရာအားလုံးကို အရွေ့ပြောင်းလုပ်ကြရသည်ဟု ဖေါ်ပြခဲ့ပါသည်။

မိဘများ၏ စိုးရိမ်ပူပန်မှုနှင့် အလေးပေးမှုကို မျှဝေရန်လိုအပ်မှုသည် ငယ်ရွယ်သောကလေးတစ်ဦးအတွက် နားလည်ရန်ခက်ခဲသောသဘောတရား တစ်ခုဖြစ်ပါသည်။

ကလေးငယ်များသည် ချစ်ခြင်းမေတ္တာကို အကန့်အသတ်ရှိသော အရေအတွက်တစ်ခုအဖြစ် သတ်မှန်ယူထားကြသည်။ ထို့ပြင် ယခင်ကလက်ခံရရှိသော ချစ်ခြင်းမေတ္တာအချို့ကို ယခုအခါနုတ်သိမ်း၍ အခြားတစ်ဦးကိုပေးဆပ်ရသည်ဟူ၍လည်း ကလေးတွေးတွေးလေ့ရှိသည်။ ရေခဲမုန့်တစ်ခွက် သို့မဟုတ် လိမ္မော်ရည်တစ်ဖန်ခွက်ကို အခြားသူတစ်ဦးအား မျှပေးလိုက်လျှင် ကျန်သောကလေးအတွက်နည်းသွားသည့်သဘောပင်။ ထို့ကြောင့် ပထမကလေးက ဒုတိယအသစ်ရောက်လာသော ကလေးကိုသူ၏နေရာကို လုယူမည့်သူ သူ၏မိဘများကို မတရားသိမ်းပိုက်မည့်သူအဖြစ် ရှုမြင်ခြင်းမှာသာမနကိစ္စတစ်ရပ် ပုံမှန်သဘောထားတစ်ရပ်ပင် ဖြစ်သည်။ ဒုတိယကလေးကိုလက်ခံလာစေသည့် အဓိကအချက်မှာ ပထမကလေးအနေဖြင့် သင်တို့၏မိဘမေတ္တာကို သူ့ထံမှနုတ်ယူခြင်းမပြုကြောင်း ကလေးအားလုံးအတွက် အဆက်မပြတ်ဖြည့်ဆည်း ပေးနေမည်ဖြစ်ကြောင်းကို သိရှိလာရန်ပြသရေးပင် ဖြစ်ပါသည်။

## မတ်တပ်ပြေးစအရွယ်များနှင့် မူကြိုအရွယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း

ကလေးတိုင်းတွင် နောက်ထပ်ကလေးတစ်ဦး ရောက်ရှိမှုနှင့်ပတ်သက်၍ ကြိုတင်သိရှိထားခွင့်ရှိသည်။ အံ့သြဖွယ်ကောင်းသောသတင်းကို ကလေးငယ်ထိန်းညှိနိုင်ပြီး ကျေလည်သွားစေရန် နေသားကျသွားစေရန် လိုအပ်သည်။

မူကြိုကလေးတစ်ဦးသည် မိခင်၏အသွင်သဏ္ဌာန် ပြောင်းလဲမှုနှင့်ပတ်သက်၍ အမေးအမြန်းထုနိုင်သည်။ သို့မဟုတ် မိခင်သည် မကြာခဏမောပန်းပြီး လှဲ၍နေခြင်းကို စပ်စုနိုင်သည်။ ဤသို့မေးမြန်းလာပါက သတင်းပေးသည့်အနေဖြင့် သဘာဝကျသောနည်းလမ်းများဖြင့်ဖြေဆိုရမည်။ ကြီးကျယ်ခန်းနားသော ပျော်ပွဲရွှင်ပွဲကို ရှင်းပြသည့်သဘောမျိုး မဖြစ်စေရပါ။ “တို့မိသားစုထဲမှာ ကလေးတစ်ယောက်ရောက်လာတော့မယ်” သို့မဟုတ် “အလားတူသဘောဆောင်သော အဖြေနှင့်ပင်လုံလောက်ပါသည်။ ထိုနောက် သင်ကနားစွင့်နေပါ။ ကလေးငယ်က ထိုကိစ္စကို စိတ်ဝင်စားမှုမပြလျှင် ထပ်၍မပြောပါနှင့်။ အကယ်၍ စိတ်ဝင်စားမှုနှင့် စူးစမ်းမှုပြလျှင် ထိုကိစ္စကိုအနည်းငယ်ထပ်၍ပြောပါ။ ကလေးများသည် မိခင်၏ဝမ်းဗိုက်ကို စမ်းသပ်ကြည့်ရန် စိတ်ဝင်စားကြပြီး ကလေးမွေးဖွားခြင်းအကြောင်းကိုလည်း အနည်းငယ်စူးစမ်းလေ့ရှိကြပါသည်။

သဘာဝအားဖြင့် ကလေးမွေးဖွားရန် နီးကပ်လာသည်နှင့်အမျှ မျှော်လင့်စောင့်စားရမှုက ပို၍များလာတတ်သည်။ စိတ်လှုပ်ရှားမှုကိုတိကျစွာ ဖွင့်ထုတ်မျှဝေသင်သော်လည်း ပုံကြီးချဲ့၍မပြောသင့်ပါ။ ကလေးများနှင့်အတူ အပိုအလုပ်များစွာ ပါဝင်လာပါသည်။ ပို၍အလုပ်ရှုတ်လာတတ်ပါသည်။ ပထမကလေးအနေဖြင့် မွေးကင်းစကလေးငယ်ကို ရယ်မောပျော်ရွှင်ဖွယ်ရာ ကစားဖေါ်အဖြစ်သဘောမထားရန် လိုအပ်ပါသည်။ ထို့ကြောင့် မွေးကင်းစကလေးငယ်၏ သေးကွေးမှု၊ အကူအညီမဲ့မှု၊ မကြာခဏအော်ငိုတတ်မှု၊ အကူအညီမဲ့သဖြင့် အလေးပေးရန်လိုအပ်မှုတို့ကို ပထမမွေးသော ကလေးကြီးအား ပွင့်လင်းစွာပြောပြရပါမည်။ မွေးကင်းစကလေးငယ်အား အလွန့်အလွန်အရေးကြီးသည့် သဘောမျိုးမပြောသင့်သလို အရေးမပါသည့်သဘောမျိုး မပြောရပါ။ ထို့ကြောင့် သင်၏ကလေးငယ်ကို မွေးကင်းစကလေးအကြောင်းပြောပြရာတွင် သက်တောင့်သက်သာရှိပြီး ရိုးရှင်းလွယ်ကူသော နည်းဖြင့်ချိန်ဆပြောဆိုရန် လိုအပ်ပါသည်။

မွေးကင်းစကလေးအကြောင်းကို သင်၏ပထမမွေးဖွားသော ကလေးအားပြောဆိုရာတွင် ယေဘုယျအားဖြင့် အောက်ပါအချက် ၃ချက်ကို ထည့်သွင်းစဉ်းစားရပါမည်။

၁။ လျှို့ဝှက်မထားဘဲ ပွင့်လင်းစွာပြောပါ။ သင့်ကလေးငယ်၏ မေးခွန်းများကို သာမန်နားလည်လွယ်သော စကားဖြင့်ရိုးသားပွင့်လင်းစွာဖြေပါ။

၂။ သင်ပေးလိုသည့်အချက်အလက်များကို သတိထားပြောပါ။ သင့်ကလေးငယ်၏ စိတ်ဝင်စားမှုကို နွေးထွေးစွာတုန့်ပြန်ပါ။ သို့သော် သူ/သူမတကယ်မသိချင်သော သို့မဟုတ် မသိနိုင်သောကိစ္စများကို အသေးစိတ်ချဲ့ကား မပြောပါနှင့်။

၃။ သင်၏ ပျော်ရွှင်ဖွယ် မျှော်လင့်ချက်များကို မူကြိုအရွယ်ကလေးအား မျှဝေပြောပြပါ။ သို့သော် လွဲမှားမှုဖြစ်စေမည့် ထင်ရောင်ထင်မှားဖြစ်စေမည့် ပုံကြီးချဲ့၍ ပြောဆိုခြင်းမျိုးကိုရှောင်ပါ။

မွေးကင်းစကလေးတစ်ဦးအတွက် / မွေးဖွားလာမည့် ကလေးတစ်ဦးအတွက် ကြိုတင်ပြင်ဆင်ခြင်းသည် လက်တွေ့ကသဘောပါဝင်သကဲ့သို့ စိတ်ခံစားမှုလည်း ပါဝင်သည်။ ကလေးအဝတ်အစားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ဝယ်ယူရပေမည်။ နေအိမ်တွင်နေရာထိုင်ခင်း ပြောင်းလဲမှုများလည်း ပြုလုပ်ရပေလိမ့်မည်။

ထိုကိစ္စများတွင် သင်၏ပထမမွေးသော ကလေးငယ်အား ပါဝင်လုပ်ဆောင်ခွင့်ပေးပါ။ မွေးကင်းစကလေးတစ်ဦးအတွက် နေရာ

ထိုင်ခင်းတစ်ခုပြုလုပ်ရခြင်းဖြစ်သော်လည်း ပထမကလေးငယ်၏ နေရာထိုင်ခင်းကို ထိခိုက်ခြင်းမရှိကြောင်း သေချာစွာနားလည် သဘော ပေါက်ပါစေ။

## မွေးကင်းစကလေးငယ်ကိုအိမ်သို့ယူလာခြင်း

သင်နှင့်မွေးကင်းစကလေးငယ်တို့ အိမ်သို့ပြန်လည်ရောက်ရှိလာခြင်းသည် မိသားစုအတွက် စိတ်လှုပ်ရှားဖွယ်၊ ပျော်ရွှင်ဖွယ် ဖြစ်ရပ်တစ်ခုပင်။ အခြားတစ်ဘက်တွင်လည်း ကလေးကြီးသည် နောက်ထပ် ကျူးကျော်ဝင်ရောက်လာသော မွေးကင်းစကလေးငယ်နှင့် ပတ်သက်၍ စိုးရိမ်သောကရောက်နေတတ်ပါသည်။ ထို့ကြောင့် မွေးကင်းစကလေးငယ် အိမ်သို့ရောက်ရှိလာခြင်းကို အလွန်အမင်းပျော် ရွှင်ကြည်နူးမှုမပြဘဲ သင်၏စိတ်လှုပ်ရှားမှုကို လျှော့ချထားရန် လိုအပ်သကဲ့သို့ မွေးကင်းစကလေးငယ် ရောက်ရှိလာခြင်းကို သာမန် ကိစ္စတစ်ရပ်အဖြစ်လည်း အရေးတယူမပြုဘဲ မလုပ်သင့်ပေ။ သင်လုပ်ဆောင်ရမည်မှာ သင်သည် အိမ်ပြန်ရောက်လာပြီး မိသားစုအတူ တကွဆုံဆည်းရသည့်ပြင် သင်၏ကလေးကြီးကိုပြန်ပြီး တွေ့မြင်ရသည့်အတွက် အလွန်ဝမ်းသာပျော်ရွှင်ကြောင်း ပြသရန်ပင်ဖြစ်သည်။

သင်၏ပထမမွေးသော ကလေးငယ်ကမွေးကင်းစ ကလေးကိုလက်မခံဘဲ ငြင်းဆန်သည့်သဘောရှိလျှင် မွေးကင်းစကလေးငယ် တွင်လည်း သူပိုင်အခွင့်အရေးရှိကြောင်းကို သူ/သူမအား အစကတည်းက သဘောပေါက်ထားပါစေ။ ကလေးကြီးအား မွေးကင်းစ ကလေးငယ်ကို ထိကိုင်ခွင့်ပေးပါ။ အနှီးကိုဖြေရာတွင် ပါဝင်ကူညီပါစေ။ မိမိကကြီးကြပ်ရင်း ကလေးငယ်အား ပွေ့ချီကြည့်ပါစေ။

သင်၏သားဦးကလေးငယ်၏ လိုအပ်ချက်များသည်လည်း မွေးကင်းစကလေးငယ်၏ လိုအပ်ချက်များကဲ့သို့ပင် အရေးကြီး ကြောင်းကို သတိထားပါ။ သင်သည် ပထမကလေးငယ်ကိုလည်း အလေးထားမှုအပြည့်အဝပေးပါ။ မွေးကင်းစကလေးငယ်၏ လိုအပ် ချက်များသည် အရေးကြီးသော်လည်း သင်၏အချိန်ကိုမူ ကလေးကြီးအတွက် ဝေမျှပေးရပါမည်။ ကလေးကြီး၏ ကျိုးကြောင်းဆီလျော် သောတောင်းဆိုမှုများကို ဘေးဖယ်မထားပါနှင့်။ "နောက်မှပြောပါ" သို့မဟုတ် "မေမေအလုပ်ရှုပ်နေတာ မမြင်ဘူးလား" ဟူသောစကား မျိုးမသုံးစွဲမိရန် သတိထားပါ။ ဤသို့တုန့်ပြန်ပါက ကလေးငယ်ကြောင့် မိမိကိုလျစ်လျူရှုသည်ဟု ကလေးကြီးကယူဆသွားပြီး အချင်း ချင်းအပြိုင်အဆိုင်ဖြစ်မှုကို အားပေးသကဲ့သို့ ဖြစ်တတ်ပါသည်။ ထို့ကြောင့် ကလေးကြီး၏ လိုအပ်ချက်ကို ကလေးငယ်၏ လိုအပ်ချက် နှင့်ရောထွေးမပြစ်ပါနှင့်။

မွေးကင်းစကလေးငယ် နီးလာလျှင်ကလေးကြည့်ရန် လာသူများနှင့်လက်ဆောင်ပေးရန် လာသူများဖြင့်စည်ကားနေမည်မှာ သေချာပေသည်။

ထိုသို့သော ကလေးကြည့်ရန်လာသူများ ကလေးငယ်ကို ချော့မြူခြင်းများနှင့် မွေးကင်းစကလေးငယ်အကြောင်း ပြောဆိုခြင်း များသည် သားဦးကလေးကြီး၏ မျက်မှောက်တွင်မဖြစ်စေသင့်ပါ။ သားဦးကလေးကြီးရှိနေပါက မွေးကင်းစကလေးငယ်၏အကြောင်း ကိုမပြောဘဲ သားဦးကလေးကြီးအား ဧည့်သည်များနှင့်တွေ့ဆုံပေးကာ သူ/သူမဆွဲထားသောပုံများ သို့မဟုတ် ကလေးပြုစုရေးကျောင်း စီမံချက်စသည်တို့ကို လိမ်မာပါးနပ်စွာ ပြောဆိုပါ။ မွေးကင်းစကလေးအတွက် သူ/သူမက မည်မျှအကူအညီပေးကြောင်း ဖော်ပြပါ။ အတိုချုပ်အားဖြင့် သင်၏သားသမီးများအား တစ်ဦးချင်းအရေးပါသူများ ဖြစ်ကြောင်းအသိအမှတ်ပြုပါ။ "အယ်လီက သူ့ညီမလေး အတွက်သိပ်အကူအညီ ရတာပဲ။ ဒီတော့ မေမေတို့အတွက် အများကြီးသက်သာသွားတာပေါ့" သို့မဟုတ် "ကျွန်မအပြင်သွားနေတုန်း ဘော်ဘီကသူ့ညီမလေးကို ဘယ်လိုထိန်းသလဲဆိုတာ ရှင်တို့မြင်စေချင်တယ်။ ဘော်ဘီက ကလေးထိန်းသိပ်တော်တာ" စသည်ဖြင့်ပြော ဆိုချီးမွမ်းရပါမည်။

## မနာလိုမှု

"အိမ်မှာ ဒီကလေးလေးကို မလိုပါဘူး"

မတ်တတ်ပြေးစကလေးငယ်များနှင့် မူကြိုအရွယ်ကလေးငယ်များသည် သူတို့၏မနာလိုမှုကို တစ်ခါတစ်ရံ ပွင့်လင်းစွာတဲ့တိုး ဖွင့်ဟတတ်ကြပါသည်။ တစ်ရံတခါတွင်မူ သူတို့၏ဒေါသနှင့် မခံမရပ်ဖြစ်မှုတို့ကို ဖုံးကွယ်ထားတတ်ပြီး လျှို့ဝှက်စွာပေါ်ပေါက်လာ တတ်ကြပါသည်။

မွေးကင်းစကလေးတစ်ဦး ရောက်ရှိလာခြင်းသည် မတ်တတ်ပြေးစကလေးတစ်ဦးအဖို့ (သူ/သူမ၏အမြင်တွင်) သူ/သူမ၏လုံ ခြုံမှုကို ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေပေသည်။ မွေးကင်းစကလေးငယ်အပေါ် လွန်ကဲစွာပြုမူလျှင် အခက်အခဲအနှောက်အယှက်များ ဖြစ် စေလျှင် ထိုကလေးငယ်သည် သူ/သူမ၏စိတ်ခံစားမှု အကာအကွယ်အတွက် ခုခံရန်အားထုတ်နေခြင်းဖြစ်ပေသည်။ ထိုသို့သော ဆန့် ကျင်ဘက်တုန့်ပြန်မှုများကို လျော့ပါးအောင်ပြုလုပ် နိုင်ပါသည်။ အချို့မိဘများသည် အမြော်အမြင်ကြီးပြီး ကျွမ်းကျင်သောမိဘဆိုင်ရာ ချဉ်းကပ်နည်းများကို အသုံးပြု၍ မနာလိုမှုကိုပပျောက်သွားအောင် ဆောင်ရွက်တတ်ကြပါသည်။

## ကျွန်တော်/ကျွန်မလည်းကလေးပဲ

မိဘများအတွက် ရိုးနေပြီဖြစ်သော အခြားတုန့်ပြန်မှုတစ်ခုမှာ မတ်တတ်ပြေးစ သို့မဟုတ် မူကြိုအရွယ်ကလေးတစ်ဦးက သူ/သူမ၏မွေးကင်းစ အရွယ်ကလေးဘဝကဲ့သို့ ပြန်လည်တုန့်ပြန်ပြုမူခြင်းပင်ဖြစ်သည်။ ကလေးငယ်သည် အိမ်သာတတ်သည့် အလေ့အကျင့်ကို မေ့သွားတတ်သည်။ အိပ်ရာထဲတွင် အပေါ့သွားစပြုလာသည်။ သူ/သူမသည် နို့ပုလင်းကို ပြန်လည်တောင်းဆိုလာတတ်သည်။ လေးဘက်တွားသွားစပြုမည်။ လက်မကို စုပ်လာမည်။ သို့မဟုတ် မွေးကင်းစကလေးနှင့်အတူ ကလေးအိပ်ကုတင်ပေါ်သို့တက်ပြီးအတူ အိပ်ဖို့ကြိုးစားတတ်လာသည်။ ထိုကလေးမျိုးသည် ငိုလျှင်တက်တတ်ခြင်း သို့မဟုတ် ဒေါသူပုန်ထခြင်းတို့ ဖြစ်ပေါ်တတ်သည်။

ထိုသို့မွေးကင်းစကလေးကဲ့သို့ ပြန်လည်ပြုမူခြင်းတွင် အကြောင်းရင်းနှစ်ရပ်ရှိသည်။ အကြောင်းရင်းတစ်ရပ်မှာ မိဘ၏အလေးထားမှုကို မွေးစကလေးငယ်ထံမှ ပြန်လည်သိမ်းပိုက်လို၍ဖြစ်သည်။ "ဘောင်းဘီထဲမှာ ရှူးရှူးပေါက်ရင်တော့ မေမေကကလေးလေးကို ပြစ်ထားပြီးငါ့ကို ဂရုစိုက်မှာပဲ"

ဒုတိယအကြောင်းရင်းမှာ ကလေးငယ်သည် တကယ့်မွေးကင်းစ ကလေးငယ်၏အကျင့်စရိုက်မျိုး ပြန်လည်ပြုလုပ်ခြင်းအားဖြင့် မိဘ၏အလေးထားမှုနှင့် ချစ်ခြင်းမေတ္တာကို ပိုမိုရရှိအောင်ကြိုးပမ်းခြင်းဖြစ်သည်။ "မေမေက ဒီကလေးလေးကိုပဲ ရေးကြီးခွင်ကျယ်လုပ်နေတော့ ငါလည်းသူလိုကလေးလေးပဲ လုပ်တော့မယ်"

မိဘများက စိတ်ရှည်အကင်းပါးစွာ ပြုမူလေ့ကျင့်ပေးလျှင် အဆိုပါအကျင့်စရိုက်မျိုးသည် အချိန်တိုအတောအတွင်းတွင်ပင် ပြေပျောက်သွားနိုင်ပေသည်။ ကလေးများ၏ကြီးပြင်းမှုသည် ရှေ့တိုးနောက်ဆုတ်ဖြစ်စဉ် တစ်ခုဖြစ်ကြောင်းကို မိဘများသတိပြုရန် လိုအပ်သည်။ ရှေ့သို့နှစ်လှမ်းတက်ပြီး နောက်သို့တစ်လှမ်းပြန်ဆုတ်လေ့ရှိသည်။ တစ်ခါတစ်ရံ နောက်သို့နှစ်လှမ်းဆုတ်ပြီးမှ ရှေ့သို့တစ်လှမ်းတိုးလေ့ရှိပြန်သည်။ ထိုအခြေအနေမျိုးတွင် "သမီးကအသက်ကြီးမေပြီ။ ကလေးလေးလိုချွဲမနေနဲ့"ဟူသောစကားမျိုးကို ပြောပါကအဆိုးရွားဆုံး ဖြစ်တတ်ပါသည်။ သားဦးကလေးကြီးက မွေးကင်းစကလေးကို အဆင်ပြေလိုက်လျောစွာနေတတ်လျှင် သားဦးကလေးကြီးကို မိဘများကလျစ်လျူရှုကာ ပြစ်ပယ်မထားခြင်းကြောင့် မွေးကင်းစကလေးကဲ့သို့ ပြုမူလိုစိတ်ပျောက်သွားကြောင်း တွေ့ရှိနိုင်ပေသည်။ ကလေးငယ်တစ်ဦးသည် လူကြီးများ၏ ကူညီပံ့ပိုးမှု ချစ်ခင်မြတ်နိုးမှုကို မည်မျှအဆက်မပြတ်ရရှိရန် လိုအပ်ကြောင်းကို အဆိုပါအပြုအမူများက ကျွန်ုပ်တို့အား သတိပေးနေပေသည်။

## ကျောင်းနေအရွယ်ကလေးငယ်အား ကြိုတင်ပြင်ဆင်ပေးခြင်း

မွေးချင်းညီအစ်ကိုမောင်နှမများအကြား အသက်ကွာခြားမှုများလေ မနာလိုဖြစ်မှုနည်းလေဖြစ်ကြောင်း လေ့လာသူများကဖော်ပြကြသည်။ ပထမမွေးသောကလေးငယ် အသက်၃နှစ် သို့မဟုတ် ၄နှစ် သို့မဟုတ် ထိုထက်ငယ်ချိန်တွင် ဒုတိယကလေး မွေးဖွားလာပါကကြီးမားသော ဖိစီးမှုများဖြစ်ပေါ်လေ့ရှိသည်။ ပထမကလေးသည် ၅နှစ်ရှိပြီးမှ ဒုတိယကလေးမွေးဖွားပါက ဖိစီးမှုနည်းတတ်ပေသည်။ ထို့ပြင် ပထမကလေးသည် ၆နှစ် ၇နှစ် ၈နှစ် သို့မဟုတ် ထိုထက်ပိုကြီးလေလေ ဖိစီးမှုအပြိုင်အဆိုင်ဖြစ်မှု ပို၍နည်းလေလေပင်ဖြစ်သည်။

ကျောင်းနေအရွယ်ကလေးများသည် မိခင်နှင့်ဖခင်တို့အပေါ်တွင် မှီခိုမှုလျော့ပါးလာပြီး သူတို့ဘဝကို သူတို့ပို၍ ထိန်းသိမ်းလာတတ်ကြသည်။ ထို့ကြောင့် မွေးကင်းစကလေးတစ်ဦးကို သူတို့၏ရန်ဘက်ကဲ့သို့ မမြင်ဘဲ စိတ်ဝင်စာဖွယ်ရာဇာတ်လမ်း/ ဝတ္ထုရှည်တစ်ခုကဲ့သို့ သဘောထားတတ်ကြပြီး ထိုစိတ်ဝင်စားမှုကပင် မိသားစုကို အနှောက်အယှက် ပေးသကဲ့သို့ဖြစ်တတ်သည်။

သို့ရာတွင် ကျောင်းနေအရွယ်ကလေးများသည်လည်း ကိုယ်တိုင်ပင် ကလေးငယ်များဖြစ်သဖြင့် ကလေးစိတ်မကုန်ကြသေးကြောင်းကို ကျွန်ုပ်တို့ထည့်သွင်းစဉ်းစား ထားကြရပါမည်။ သူတို့သည် အေးဆေးတည်ငြိမ်စွာနှင့် တာဝန်သိစွာပြုမူနေကြသည့်တိုင် မနာလိုစိတ် ရှိနေပေလိမ့်ဦးမည်။ မွေးကင်းစကလေးတစ်ဦးသည် မိသားစုကဘဝကို ဖြတ်တောက်ပြစ်သူတစ်ဦးဖြစ်သည်။ မိသားစုပုံစံနှင့်နေရာထိုင်ခင်းကို ပြောင်းလဲကြရသည်။ အစီအစဉ်များကို ပြောင်းလဲပြစ်ရသည်။ ပထမမွေးသောကလေးကြီးနှင့် အတူနေခဲ့ရသောအချိန်များကို မွေးကင်းစကလေးငယ်အား မျှဝေပေးရသည်။ ထို့ကြောင်း မွေးကင်းစကလေးငယ်များအား ကလေးကြီးများ၏ အမှတ်မဲ့ သို့မဟုတ် သတိလက်လွတ် ပြုမူခြင်းမခံရအောင် ကာကွယ်ပေးကြရပါမည်။

အပြန်အလှန်အားဖြင့် မွေးကင်းစကလေးသည် လေးဘက်သွားစ လမ်းလျှောက်စ အရွယ်ရောက်လာပြန်လျှင်လည်း ကလေးကြီးများ၏ကိစ္စများကို အဆိုပါလမ်းလျှောက်တတ်စ ကလေးငယ်က ဝင်ရောက်စွက်ဖက်ခြင်း မပြုစေရန်ကာကွယ်ပေးရပါဦးမည်။

## ဒုတိယကလေးအကြောင်းကိုပြောသောမိဘများ

လော်ရာတီ (Laura T) သည် အဲလစ်ဆန် (Allison) ၇နှစ်နှင့် ဘရုစ် (Bruce) ၁၂နှစ် တို့၏မိခင်ဖြစ်သည်။

"ကလေးတစ်ယောက် မွေးဖွားလာရင် သားဦးကလေးအပေါ်မှာ မိဘတွေကထားတဲ့ အမြင်ဟာလုံးဝ ပြောင်းလဲသွားတာကို ကျွန်မသတိပြုမိတယ်။ သားဦးကလေးဟာတည်း ရှင့်ရဲ့ကလေးဖြစ်နေတုန်းပါဘဲ။ ဒါပေမဲ့ ရုတ်တရက်ဆိုသလို သားဦးလေးဟာ ပိုပြီး ကြီးတဲ့ပုံ/အရွယ်ရလာတဲ့ပုံ ပေါ်လာစေတော့တယ်။ မမွေးဖွားခင် တစ်ရက်နဲ့မွေးဖွားပြီးတစ်ရက်ဆိုတဲ့ ၂ရက်တာကာလမှာဘဲ သားဦး ကလေးဟာပိုပြီး ကြီးထွားသန်မာလာ ပုံရတဲ့အပြင် အငယ်ကလေးကို ရိုက်ပုတ်နိုင်လာတယ်လို့ ထင်လာမိခဲ့ကြတယ်။ ကျွန်မပြောချင်တာက မိဘတွေက အဲဒီအချိန်မှာ သားဦးကလေးကို ရုတ်တရက် ဖျက်စီးနိုင်စွမ်းရှိတဲ့ ကြောက်စရာတစ်ဦးလို မြင်လာကြတယ်လို့ကျွန်မကို ပြောပြကြပါတယ်။ ဒါ့အပြင် သားဦးကလေးအပေါ်မှာ ဆန့်ကျင်ဘက်ခံစားမှုတွေ ပေါ်ပေါက်လာကြတယ်။ ဒီတော့ မွေးချင်းပေါက်ဖော်ခြင်း အပြိုင်အဆိုင်ဖြစ်မှုဟာ တစ်ဘက်တည်းကြောင့် ဖြစ်ရတာမဟုတ်ပါဘူး။ ကလေးငယ်ဘက်ကချည်းပဲ ပြောင်းလဲလို့ မရဘူး။ မိဘတွေဘက်ကလည်း သားဦးကလေးအပေါ်မှာ ထားရှိတဲ့သဘောထားတွေကို ပြောင်းလဲပြစ်ဖို့လိုပါတယ်။ မိဘတွေက မွေးကင်းစ ကလေးအပေါ်မှာ အကောင်းမြင်မှုတွေ တိုးလာတတ်ကြတယ်။ မွေးချင်းညီအစ်ကို မောင်နှစ်မချင်းပြိုင်ဆိုင်မှုဟာ ဒါကြောင့်ဖြစ်ရတာလို့ ကျွန်မူဆတယ်။ ဒီအချက်ဟာ သိပ်အရေးကြီးပါတယ်။"

"နောက်တစ်ခုတွေးမိတာက မိဘတွေမှာ ဒုတိယ ဒါမှမဟုတ် တတိယကလေးတွေ မွေးဖွားလာကြရင် မိသားစုက ဘယ်ပုံဘယ်နည်းဖြစ်သင့်တယ်ဆိုတဲ့ မျှော်မှန်းချက်တွေထားသလို ကလေးတွေမှာလည်း မွေးလာမယ့်နောက်ကလေးတစ်ဦးနဲ့ ပတ်သက်တဲ့မျှော်မှန်းချက်တွေရှိတယ် ဆိုတာပါပဲ။ နောက်မွေးတဲ့ ကလေးလေးကို ကစားဖော်ကစားဖက်အဖြစ် သဘောထားတယ်။ အပေါင်းအဖော်အဖြစ် သဘောထားမယ်ဆိုတဲ့ သူတို့ရဲ့ပြောစကားတွေကို ထပ်ကာထပ်ကာကြားနေပါလိမ့်မယ်။ တစ်ခါ နောက်ကလေးမွေးလာလို့ သူတို့ဒေါသဖြစ်ရတယ်ဆိုတဲ့ စကားမျိုးလည်း ရှင်ကြားနေမှာပါပဲ။ ဒီတော့ နောက်မွေးလာမယ့် ကလေးအပေါ်မှာ သူတို့ဘယ်လိုသဘောထားမယ်ဆိုတဲ့မျှော်မှန်းချက်ကို သူတို့ဆီကကြားရအောင် ကြိုးစားကြည့်တာ ကောင်းပါလိမ့်မယ်။ သူတို့ကို ကိုယ်ကသိပ်များများ မပြောဘဲ သူတို့ပြောတာကိုသာ နားထောင်ကြည့်ပါ။ "ငါတို့မှာ နောက်ကလေးတစ်ဦးရှိလာရင် အဲဒီကလေးလေး မွေးပြီးရင် ဒီကလေးလေးနဲ့ ဘာလုပ်မယ်လို့စိတ်ကူးသလဲ။။ ကလေးလေးဟာ ဘယ်လိုပုံပေါက်မလဲလို့ ထင်သလဲ။" သူတို့မျှော်မှန်းချက်ကို ရှင်ရှာလို့တွေ့ပြီဆိုရင် သူတို့အနေနဲ့အမှတ်တရားကို ပိုပြီးလက်ခံလာနိုင်အောင် ရှင်ကူညီလို့ရပြီပေါ့။ မွေးကင်းစကလေးတွေရှိတဲ့ အိမ်ကိုခေါ်သွားပြီး ပြပေးပါ။ ကလေးလေးတွေဟာ သေးညှက်၊ တွန့်လိမ်နေတာကို သူတို့တွေ့ရမယ်။ မွေးကင်းစကလေးလေးဟာ တကယ့်ကို ချစ်စရာမကောင်းဘူး ထားဦး။ သူတို့ မိဘတွေနဲ့ ဆွေမျိုးတွေအဖို့တော့ ချစ်စရာလေးပါလားလို့ အမွှန်းတင်ပြောဆိုနေတာတွေကို သူတို့တွေ့ရပါလိမ့်မယ်။"

## ချစ်ခြင်းမေတ္တာသည်ကုန်ခန်းခြင်းမရှိပါ။

ခွဲဝေမျှတခြင်း၊ မျှဝေခြင်းသည် မိသားစုနေ့စဉ်ဘဝ၏ လိုအပ်သောကဏ္ဍတစ်ရပ်ဖြစ်သည်။ ကလေးငယ်များသည် ၎င်းတို့၏ ပိုင်ဆိုင်ပစ္စည်းများနှင့် လုပ်ငန်းများကို မျှဝေတတ်ရန် လေ့လာသင်ယူကြသည်။ သို့ရာတွင် ကလေးငယ်တစ်ဦး လေ့လာသင်ယူရန် အခက်ခဲဆုံးအရာ တစ်ခုကား မိဘများ၏ပြုစုစောင့်ရှောက်မှုနှင့် ချစ်ခြင်းမေတ္တာကိုလည်း အခြားသောညီအစ်ကို မောင်နှစ်မများအား ဝေခွဲပေးရသည်ဟူသော အချက်ပင်ဖြစ်သည်။ သူတို့အဘယ်ကြောင့် ခုခံရပါသနည်း။ မိဘများ၏ အလုံးစုံအကြွင်းမဲ့ဖြစ်သော အလေးထားမှုအတွက် ညီအစ်ကို မောင်နှစ်မအရင်းချင်း အဘယ်ကြောင့်ပြိုင်ဆိုင်ကြပါသနည်း။

ငယ်ရွယ်သောကလေးတစ်ဦး၏ အမြင်တွင်ကား ကွတ်ကီးထည့်သော ကရားအိုးတစ်ခုနှင့် တူနေပေသည်။ ကွတ်ကီးကရားတစ်ခုတွင် ဝင်ဆံ့သောအရေအတွက် ကန့်သတ်ထားလျှင် ထိုအရေအတွက်များသည် နောက်ဆုံး၌ကုနဆုံး ပျောက်ကွယ်သွားသကဲ့သို့ပင်ဖြစ်သည်။ မွေးချင်း A က ဖေဖေနှင့်မေမေတို့သည် မွေးချင်း B ကိုကွတ်ကီးတစ်ခုပေးလိုက်တိုင်း သူရမည့် ကွတ်ကီးတစ်ခုလျော့သွားသည်ဟု ယူဆသည်။ ယင်းကို အများကချဲ့ကားလွန်းသည်ဟု ယူဆနိုင်သော်လည်း ကလေးငယ်အများစု ယေဘုယျအားဖြင့် ယူဆသောအတွေးတစ်ခုပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် အရွယ်ရောက်ပြီးသူ လူကြီးများဖြစ်သဖြင့် မိဘဘဝချစ်ခြင်းမေတ္တာ၏ အနှိုင်းမဲ့မှုကို နားလည်သဘောပေါက်ကြပါသည်။ အဆိုပါ ချစ်ခြင်းမေတ္တာသည် ကိုယ်ပိုင်ဖြည့်ဆည်းရခြင်းဖြစ်ပြီး မည်သည့်အခါမျှ သုံးစွဲ၍ကုန်ခန်းမသွားနိုင်သည်ကိုကျွန်ုပ်တို့ သိရှိကြပါသည်။ သို့ရာတွင် ဤသဘောထားက ကလေးငယ်များ ဆုပ်ကိုင်ရန်ခက်ခဲသော အယူအဆတစ်ရပ်ပင်ဖြစ်သည်။ သင်၏ တာဝန်မှာ သင်၏ချစ်ခြင်းမေတ္တာသည် အကန့်အသတ်မရှိကြောင်း သင်၏ကလေးငယ်တိုင်းကို ပြသရေးပင်ဖြစ်သည်။

သားဦးကလေးငယ်အား လျစ်လျူရှုထားပြီး မိဘနှင့်အတူနေရမည့် အချိန်များနှင့် အလေးထားမှုများကို မွေးကင်းစကလေးအပေါ်တွင်စုပုံထားပြီးမှ "ဒီမွေးကင်းစကလေးလေးကို မေမေချစ်တယ်။ ဒါပေမဲ့သားကိုလည်း အများကြီးချစ်တယ်" ဟူသောစကားဖြင့် နှစ်သိမ့်မှုမျိုးကား ပြည့်စုံလုံလောက်မှု ရှိမည်မဟုတ်ပါချေ။

မိခင်တစ်ဦးသည် သူမ၏ ၄နှစ်သားကလေး တော်မီ (Tommy) ကိုလျစ်လျူရှုထားပြီး သူမ၏အလေးထားမှုအားလုံးကို မွေးကင်းစကလေးငယ်အပေါ်တွင် နစ်မြုပ်ထားခဲ့သည်။ "အိုး တော်မီကို ကျွန်မချစ်တာ တော်မီသိပါတယ်" ဟူသောစကားမျိုးဖြင့်သာ

အလေးမထားသလို ပြောလေ့ရှိသည်။ သို့ရာတွင် တစ်ဦးတစ်ယောက်က "တော်မီကဘယ်လိုလုပ်ပြီး သိသလဲ" ဟုမေးကောင်းမေးပေလိမ့်မည်။ ကလေးငယ်များသည် မိဘမိဘ၏အပြုအမူများအပေါ်တွင် အထအနကောက်တတ်ကြပြီး မဖော်ပြနိုင်သော အကြောင်းအရာများကို လွဲမှားစွာ အဓိပ္ပါယ်ကောက်လေ့ရှိကြသည်။ ဤကိစ္စတွင် မိခင်က မွေးကင်းစကလေးအငေး အလေးပေးမှုလွန်ကဲလျှင် တော်မီကသူ့ကိုယ်သူအရေးမပါတော့ သူတစ်ယောက်ပမာခံစားလာရ ပေလိမ့်မည်။ သူတွေ့မြင်ခံစားရသည်ကို အခြေခံ၍သူ့ထံမှ မိဘများ၏ချစ်ခြင်းမေတ္တာကို အဓမ္မလုယူခံရသည်/ ဓါးပြတိုက်ခံရသည်ဟု မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ကောက်ချက်ချမိပေလိမ့်မည်။ ၄နှစ်သားကလေးငယ်တစ်ဦးအဖို့ သူ၏အလေးဂရုပြုမှု ကိုယ်ပိုင်ဝေစုရလိုမှု ဆန္ဒအတွက်တောင့်တခြင်းသည် မိခင်၏ချစ်ခြင်းမေတ္တာကို သူ့ထံမှနှုတ်သိမ်းခြင်းခံရပြီး အခြားသူတစ်ဦးအပေါ်တွင် မြှုပ်နှံထားလိုက်ခြင်းကြောင့် ဖြစ်ပေသည်။ တော်မီသည် မိခင်၏အလေးထားမှု ရရှိရန်ပို၍ခက်ခဲသွားနိုင်သည့် တုန့်ပြန်မှု သို့မဟုတ် သူ့ကိုယ်သူမခံမရပ်နိုင်မှု အခွဲဖြင့်ပိတ်ကာထားလိုက်သည့် တုန့်ပြန်မှုမျိုးဖြစ်လာတတ်ပါသည်။

ချစ်တတ်သော မိဘတစ်ဦးသည် မည်မျှပင်အလုပ်ရှုတ်နေပါစေ မိသားစုရှိ ကလေးအားလုံးအတွက် လိုအပ်သောအချိန်ကို မဖြစ်မနေရှာဖွေပေးပါမည်။ တော်မီ၏ဖြစ်ရပ်တွင် သူ့အားမကြာခဏပွေ့ဖက်ခြင်း နံနက်စော သို့မဟုတ် နေ့လည်စာစားချိန်တွင် သူနှင့်စကားပြောဆိုခြင်း၊ ဥဏ်စမ်းပဟေဠိကစားနည်းသစ်တစ်ခုကို သူနှင့်အတူအချိန်အနည်းငယ်ပေး၍ ဖြေရှင်းခြင်းစသည်တို့ကို ပြုလုပ်ပေးရုံမျှနှင့်ပင် အရာရာတိုင်းကို ပြောင်းလဲသွားစေနိုင်ပါသည်။ ဖခင်သည်အလုပ်မှ အိမ်သို့ပြန်ရောက်လာလျှင်လည်း မွေးကင်းစကလေးနှင့်မဆက်ဆံမီ တော်မီနှင့်အတူ ခဏတာမျှ ဦးစားပေးအချိန်ဖြုန်း နိုင်ပါသည်။ ဤသို့သော အလေးဂရုပြုမှု ကလေးများကပင် တော်မီအားကလေးငယ်ကဲ့သို့ပင် တန်ဖိုးထားကြောင်း ချစ်ခင်မြတ်နိုးကြောင်းကို ပြသရာရောက်ပါသည်။

## အားလပ်ရက်များနှင့်ခရီးထွက်ခြင်း

အားလပ်ရက်များတွင် အပန်းဖြေခရီးထွက်ရာတွင်လည်း ပြဿနာရှိနိုင်ပါသည်။ ကား သို့မဟုတ် ဘတ်စ်ကား သို့မဟုတ် လေယာဉ်ပျံ စသည်တစ်ခုခုဖြင့်သွားလျှင် မည်သူက "အကောင်းဆုံးနေရာ" ကိုစီးရမည်ဟူသော ငြင်းခုန်မှုများပေါ်ထွက် လာပေလိမ့်မည်။ ရှေ့ထိုင်မည်။ အလယ်ခုံတွင်ထိုင်မည် စသည်ဖြင့် ကတောက်ကစဖြစ်မှုများသည် မိသားစုများအဖို့ တွေ့နေကျပြဿနာများပင်ဖြစ်သည်။

အကြံပြုချက်အချို့မှာ –

၁။ မည်သူက မည်သည့်ခုံတွင်မည်မျှ ကြာကြာထိုင်ရမည်ကို ကြိုတင်သဘောတူညီမှု ရယူပါ။

၂။ အများပါဝင်ကစားနိုင်သော ကစားနည်းကိုသဘောတူ ရွေးချယ်ပါ။

၃။ အငယ်ဆုံးကလေးအိပ်နေပါက ကလေးကြီးသည် မည်သည့်ကစားနည်းကို ငြိမ်သက်စွာကစားနိုင်ကြောင်း ဆုံးဖြတ်ပါ။

၄။ မည်သည့်နေရာများတွင် အနားယူရန်ရပ်နားမည်ကို ကြေငြာပါ။

၅။ အားလုံးညီညွတ်စွာ ကစားရမည့် အချိန်ကာနှင့်ငြိမ်သက်စွာ ကစားရမည့် အချိန်ကာကိုကြေငြာပါ။

၆။ ကလေးတစ်ဦးချင်းစီအား ၎င်းတို့နှစ်သက်သော အရုပ်များ၊ ကစားစရာများကို အိတ်ထဲသို့ထည့်ရန်ပြောပါ။

၇။ ခရီးဆောင်ပစ္စည်းများ (အဆာသွတ်အရုပ် စောင်စသည်) ပြည့်စုံအောင်စစ်ဆေးပါ။

၈။ တစ်ရှူးလိပ်များ၊ လက်သုတ်ပဝါများ၊ အချိုရည်ပုလင်းများ၊ သွားရေစာများ စသည့်အစားအသောက်ပစ္စည်းများကို အိတ်တစ်လုံးတွင်ထည့်ပါ။

## မိသားစုအတူတကွဆွေမျိုးများထံလည်ပတ်ခြင်း

နေအိမ်ပြင်ပရှိ ဆွေမျိုးများထံသို့ မိသားစုအတူတကွ လည်ပတ်ရန်သွားရောက်ပါက အောက်ပါအချက်တို့ကို အိမ်ရှင်များအား ကြိုတင်ပြောထားပါ။

၁။ အတူတကွလာရောက်မည့် အခြားကလေးများနှင့် အသက်အရွယ်များ

၂။ အိမ်ရှင်က ကလေးများကိုပြုလုပ်စေချင်သောအရာ ကလေးများကစားရမည့်နေရာ၊ စားရမည့်နေရာ စသည်ဖြင့်

၃။ သင့်ကလေးငယ်များ၏ ပျော်ရွှင်မှုအတွက် ယူလာမည့်ကစားစရာများ၊ စကားနည်းများ၊ အရုပ်များနှင့် အခြားပစ္စည်းများ

၄။ သင့်ကလေးငယ်များနှင့် ပတ်သက်ရန်လိုအပ်သော သတင်းအချက်အလက်များကို ပြောထားပါ။ ဥပမာ ပင်နီ (Panny) ကတစ်ရေးအိပ်ဖို့ လိုသည်။ ဟင်နရီ (Henry) ၏လူစိမ်းများကြားတွင် ရှက်တတ်ခြင်း။၊ ဖီးလစ် (Philip) နှင့်မတည့်သော အစားအသောက်များ

၅။ ဖြစ်နိုင်ပါက ကလေးများလိုအပ်သည့် အစားအစာများကို ယူသွားပါ။ ပြီးလျှင် "လည်ပတ်ရာတွင် လိုက်နာရမည့် အပြုအမူများ" ကိုသင့်ကလေးငယ်များအား ပြောပါ။ "ရောမရောက်လျှင် ရောမသားလိုကျင့်ရမယ်" ဟူသောဆိုရိုးစကားကို သင့်ကလေးများလက်

ခံနိုင်အောင်ရှင်းပြပါ။

၁။ ရှက်တတ်သော ဟင်နရီသည် အနားမှမခွာဘဲနေရန်။

၂။ ဘွားဘွား (အဒေါ်၊ ဦးလေး စသည်) က သူတို့အားမည်သို့ မျှော်လင့်မည်ကို ဆွေးနွေးပါ။ ယဉ်ကျေးစွာပြောပါ။ အိမ်ထဲတွင်ခိုက်ရန် မဖြစ်ပွားရ။ မနှောင့်ယှက်ရ။

၃။ အချင်းချင်းရန်မဖြစ်ရ။ အခြားကလေးများနှင့် ခင်မင်စွာနေရမည်။

၄။ သူတို့တွေ့ရမည့် ပုဂ္ဂိုလ်များ လူများအကြောင်းအရိပ်အမြွက်မျှပြောပြပါ။ အန်တီ ဗာဂျီးနီးယား၊ အစ်ကိုဝမ်းကွဲ ဂျိုး၊ အန်ကယ် ရပ်ဆဲတို့နှင့် ပတ်သက်ပြီး အဆင်ပြေအောင် ပြောခိုင်းပါ။ လူကြီးများနှင့်ပင် အချိန်ဖြုန်းမနေရန်ပြောပါ။

၅။ သင်၏ ကလေးများသည် အရွယ်ရောက်ပြီဆိုပါက မိသားစုသစ်ပင် ပုံစံကြမ်းကို ယူလာခိုင်းပါ။

အခြားသောဆွေမျိုးသားချင်းများက သင်၏အိမ်သို့လာရောက်လည်ပတ်မည် ဆိုပါကလည်း အိမ်ရှင်အဖြစ် မည်သို့ပြုမူဆက်ဆံရမည်ကို ကြိုတင်စီစဉ်၍ ရှင်းပြထားပါ။

မိသားစုအတော်များများတွင် ဦးလေး အဒေါ်အရင်းအခြာများ ညီအစ်ကိုမောင်နှမ ဝမ်းကွဲများရှိကြသည်။ အချို့မိသားစုများတွင်လည်း ကလေးများနှင့် ရင်းနှီးလွန်းသည်ကို အကြောင်းပြု၍ မွေးစားကာတော်စပ်ကြသော မွေးစားဦးလေး မွေးစားအဒေါ်စသည် ဖြင့်ရှိကြသည်။

အဆိုပါ ကလေးများအနှစ်သက်ဆုံး ပုဂ္ဂိုလ်များသည် တစ်ခါတစ်ရံမွေးချင်းများ၏ ပြဿနာများကို မိဘသဖွယ်ဖြေရှင်းနိုင်စွမ်း ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ကလေးများသည် သူတို့အနှစ်သက်ဆုံး ပုဂ္ဂိုလ်များ၏လေးစားမှုကိုသာ ခံယူလိုပြီး ငြိုငြင်မှုကိုမခံယူလိုကြသောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုပုဂ္ဂိုလ်များနှင့်ဆက်ဆံရာတွင် ကလေးငယ်များနေ့စဉ် ကြုံတွေ့ရသည့် ဖိစီးမှုများကို မခံစားကြရသောကြောင့်ဖြစ်သည်။

## တွဲစပ်ထားသောအစုံများ (အမွှာများ)

မွေးချင်းညီအစ်ကို မောင်နှမချင်း ဆက်ဆံရေးတွင် အမွှာကလေးများလောက် မည်သည့်မွေးချင်းကလေးမျှ ထူးခြားခြင်းမရှိနိုင်ပေ။ အမွှာမွေးချင်းများသည် အခြားမွေးချင်းများနှင့် မတူဘဲသီးခြားဆက်စပ်မှု ရှိကြသည်။

ထပ်တူညီသောအမွှာများသည် တစ်လုံးတည်းသောဥမှအတူ ပေါက်ဖွားခြင်းဖြစ်ပြီး တူညီသောမျိုးရိုးဗီဇမှ ဆင်းသက်လာကာ လိင်အားဖြင့်လည်း တူညီလေ့ရှိသည်။

မတူညီသောအမွှာ (သီးခြားစီဖြစ်သောအမွှာ) များသည် သီးခြားဥများမှ ပေါက်ဖွားလာခြင်းဖြစ်ပြီး မိခင်၏ဝမ်းတစ်ခုတည်းတွင်အတူကြီးပြင်းလာကြရသည်။ ၎င်းတို့သည် လိင်အားဖြင့် ကွဲပြားနိုင်သည် သို့မဟုတ် တူညီနိုင်သည်။

ထပ်တူညီသောအမွှာများသည် ရုပ်ရည်၊ အသံတူညီသကဲ့သို့ တူညီသောနည်းလမ်းများဖြင့် ဖွံ့ဖြိုးတိုးတက်ကြသည်။ သွေးအမျိုးအစား၊ မျက်နှာအသွင်အပြင် မျက်လုံးနှင့်ဆံပင်အရောင်စသည်အားဖြင့် တူညီကြသည့်အပြင် လက်ဗွေများပင် ထပ်တူညီကြသည်။ မတူညီသောအမွှာများမှာမူ တိကျသောရုပ်ပိုင်းဆိုင်ရာ ကွဲလွဲချက်များရှိကြသည်။ ၎င်းတို့သည် လိင်အားဖြင့်တူညီနိုင်သလို ကွဲပြားမှုလည်း ရှိနိုင်သည်။ သို့သော် တစ်ဦးနှင့်တစ်ဦးကို အလွယ်တကူခွဲခြားနိုင်သည်။

## ကောင်းကျိုးများ

ထပ်တူညီသောအမွှာဖြစ်စေ မတူညီသောအမွှာဖြစ်စေ အမွှာများသည်မှုသေတွထားသော အရန်သင့်အဖော်အပေါင်း တစ်တွဲဖြစ်သည်။ အမွှာတစ်ဦး၏ ဘဝအတွေ့အကြုံကို အခြားအမွှာတစ်ဦးအား အမိဝမ်းတွင်း၌ပင် ခွဲဝေရရှိပြီးဖြစ်သည်။ ၎င်းတို့သည် တစ်ဦးကို တစ်ဦးနှစ်သက်လက်ခံကြပြီး (အထူးသဖြင့် ငယ်ရွယ်စဉ်ကာလများတွင်) အမွှာမဟုတ်သောမွေးချင်းများထက်ပို၍ အချင်းချင်းအပြိုင် အဆိုင်ဖြစ်မှု ကတောက်ကဆဖြစ်မှု နည်းပါးသည်။ သူတို့ထက်ကြီးသော သို့မဟုတ် ငယ်သောမွေးချင်းကလေးများရှိသည့် မိသားစုတွင် အမွှာများသည် ထိုကလေးများနှင့် ဆက်ဆံပတ်သက်မှု နည်းပါးပြီး အမွှာအချင်းချင်းသာလျှင် ပေါင်းစည်းလေ့ရှိကြသည်။ သူတို့၏ လောကတွင် “နှစ်ကိုယ့်တစ်စိတ်” ဟူသောဆိုရိုးစကားသည် အမှန်ပင်အဓိပ္ပါယ်ရှိပေသည်။

အမွှာများတွင် အဆက်မပြတ်မျှ ဝေတတ်သောအလေ့အကျင့် ရှိကြသည်။ တစ်ဦးချင်းစီမွေးဖွားသော ကလေးများသည် ဝေမျှမှုကိုအခြားမွေးချင်းများထံမှ လေ့လာသင်ယူရသော်လည်း အမွှာများတွင်မူ သဘာဝအရ ဝေမျှတတ်ပြီးဖြစ်နေသည်။ မွေးဖွားသည့်အခိုက်တွင်ပင် သူတို့သည် မိဘများကိုခွဲဝေယူသည့်အပြင် မိဘများကြောင့်ရရှိသော ဘေးကင်းလုံခြုံမှုကိုလည်း ခွဲဝေယူကြသည်။ နောက်သော် ကြီးပြင်းလာသည်နှင့်အမျှ ကလေးဘဝ၏ပြဿနာများကို ဝေမျှကာပြင်ပလောကကို အသင်းတစ်သင်းအဖြစ် ရင်ဆိုင်နိုင်ကြသည်။ ဤသို့ရင်းနီးသောဆက်ဆံရေးနှင့် ၎င်းတို့အဆင့်အတန်းများ၏ သီးခြားစီဖြစ်မှုတို့က အမွှာများကိုအင်အားအဖြစ် ဖြည့်ဆည်းပေးပါသည်။

## ဆိုးကျိုးများ

အမွှာများသည် တစ်ဦးနှင့်တစ်ဦး နှိုင်းယှဉ်ခံရလေ့ရှိသည်။ အမွှာတစ်ဦးကို အခြားအမွှာတစ်ဦးနှင့် ဆန့်ကျင်၍အမြဲမပြတ်နှိုင်းယှဉ်ချိန်ထိုးနေပါက ယင်းသည်ဆုံးဖြတ်မှုပုံစံတစ်ခုဖြစ်ပြီး မနာလိုမှုနှင့် ပြိုင်ဆိုင်မှုတို့ မြင့်မားလာစေတတ်သည်။

၎င်းတို့သည် အမြဲမပြတ်အတူတကွရှိနေတတ်ကြပြီး ကြီးပြင်းလာသော အတွေ့အကြုံများကို ၎င်းတို့၏ သဘာဝကပေးသော မျှဝေလိုသည့် ဆန္ဒအတိုင်း လိုက်နာကြသောကြောင့် တစ်ဦးကိုတစ်ဦး အပြန်အလှန်မှီခိုစိတ် ပြင်းထန်လေ့ရှိကြသည်။ တစ်ဦးနှင့်တစ်ဦး ခွဲခွာခံရသောအခါ လုံခြုံမှုမရှိဟု ခံစားတတ်ကြသည်။ ငယ်လွန်းသောအမွှာများကို ခဏတာမျှ ခွဲခွာထားလျှင်ပင် အော်ဟစ်ငိုယိုကာ ၎င်းတို့၏ သောကကိုဖော်ပြလေ့ရှိသည်။ ယင်းတို့သည် လွန်ကဲသော နမူနာများဖြစ်သော်လည်း ယင်းနမူနာများက အန္တရာယ်မကျရောက်နိုင်မှုကို ညွှန်ပြနေပေသည်။

## အမွှာများ

ငယ်ရွယ်သောအမွှာများသည် နေရာတိုင်းတွင် အခြားကလေးငယ်များနှင့် သဘာဝအတူတူပင်ဖြစ်သည်။ ၎င်းတို့သည် မိဘများ၏ချစ်ခြင်းမေတ္တာ မိမိကိုယ်မိမိအထင်ကြီးလေးစား အောင်မြင်လိုစိတ် မနာလိုမှုနှင့်ပြိုင်ဆိုင်လိုမှု စသည့်တူညီသော လိုအင်များရှိကြသည်။

သူတို့သည် အမွှာများဖြစ်ကြသောကြောင့် ကစားစရာများ ပိုင်ဆိုင်ပစ္စည်းများကို အတူခွဲဝေသုံးစွဲကြမည်ဟု မျှော်လင့်နိုင်ပေသည်။ သို့သော် အရာတိုင်းကိုအမြဲတန်း ခွဲဝေလိုမှုကြောင့် ဒေါသစိတ်နှင့် ပြိုင်ဆိုင်လိုစိတ်ကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် အမွှာကလေးများတွင် အတူပူးတွဲ သုံးစွဲရသောပစ္စည်းများအပြင် တစ်ဦးချင်းစီသုံးစွဲကစားစရာပစ္စည်း တစ်ခုစီပိုင်ဆိုင်ခွင့်ရှိနေရန် အရေးကြီးသည်။

အမွှာများအတွင်း မွေးချင်းများအချင်းချင်း ပြိုင်ဆိုင်ရသည့် ပုံမှန်ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ထူးခြားသောပြောင်းလဲမှုများရှိသည်။ အမွှာများတွင် အသက်အရွယ်ကွာဟမှု မရှိကြပေ။ အမွှာများသည် အခွင့်ထူးများနှင့် ပတ်သက်၍လည်း အသက်အရွယ်ကွာခြားမှု မရှိသောကြောင့် မနာလိုစိတ်မရှိကြပေ။ မတူညီသောအမွှာများ စက်ဘီးစီးနိုင်သောအရွယ် မူကြိုကျောင်းသို့ တက်နိုင်သောအရွယ် ညဥ့်နက်ခံ၍ နေနိုင်သောအရွယ်များသို့ နှစ်ဦးစလုံးတစ်ချိန်တည်း တပြိုင်တည်းရောက်ရှိကြသည်။ ထို့ကြောင့်ပင် အမွှာများအတွင်းအချင်းချင်း ပဋိပက္ခဖြစ်မှုများ လျော့ပါးခြင်းဖြစ်ပေသည်။

## မိဘများ၏အခန်းကဏ္ဍ

မိဘများအနေဖြင့် မွေးချင်းညီအစ်ကိုမောင်နှမများကဲ့သို့ပင် မိသားစုအတွင်းရှိ သားသမီးတစ်ဦးချင်းစီကို အတတ်နိုင်ဆုံးမျှတအောင်ပြုစုစောင့်ရှောက် ကြရပါသည်။ ပရင့်စ်တန် ကလေးပြုစုရေးဌာန (Princeton Centre for In fancy) မှ ကလေးပြုစုရေးပညာရှိများက အမွှာကလေးများ၏ နာမည်ကိုကာရန် ကိုက်၍မှည့်ခေါ်ခြင်းမပြုရန် အကြံပြုထားသည်။ ထို့ပြင် မိဘများသည် အဆိုပါ ကလေးများအား အဝတ်အစားဆင်တူ ကစားစရာဆင်တူ မိတ်ဆွေဆင်တူ စသည်ဖြင့် စီစဉ်ပေးခြင်းမပြုသင့်ကြောင်းကိုလည်း ဖော်ပြထားပါသည်။ ယေဘုယျအားဖြင့် အမွှာကလေးများတွင် ၎င်းတို့၏ကိုယ်ပိုင် နှစ်သက်မှုများ မနှစ်သက်မှုများ မိတ်ဆွေများ စွမ်းရည်များနှင့် စိတ်ဝင်စားမှုများ ကိုယ်စီဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးကြရပါမည်။ "မိဘတွေဟာ အမွှာတွေကို သီးခြားအရှိတရားအတိုင်းပြုမူသင့်တယ်။ သူတို့ကိုအစုံတစ်စုံအဖြစ် ရှုမြင်မှုကိုရှောင်ကြဉ်ရမယ်" ဟုပရင်စတန် အာဏာပိုင်များက အတိုချုပ်ရှင်းပြပါသည်။

အမွှာကလေးများ၏ မိဘများတွင် မိသားစုအတွင်းရှိတစ်ဦးချင်း မွေးဖွားလာသော တစ်ကိုယ်တည်းမွေးဖွားလာသော ကလေးများအတွက်လည်း သီးခြားတာဝန်ရှိပါသည်။ အမွှာကလေးများ မွေးဖွားလာခြင်းကြောင့် တစ်ရက်တည်းစီမွေးဖွားသော ကလေးများအပေါ်တွင် အလေးပေးမှု လျော့နည်းသွားခြင်း မရှိစေရပါ။ အမွှာကလေးများ၏ လွှမ်းမိုးမှုအရိပ်အောက်တွင် အခြားမွေးချင်းများကျရောက်ခြင်းမရှိစေရန် ကိုလည်းသတိပြုရပါမည်။

## တစ်ဦးချင်းစီရှိသောမိဘများနှင့်မွေးချင်းများပြိုင်ဆိုင်မှု

နယူးယောက်မြို့တွင်နေထိုင်ပြီး ကွာရှင်းပြတ်စဲထားသော ဖခင်တစ်ဦးဖြစ်သည့် သောမတ်စ်အယ်လ် (Thomas L....) က ဤသို့ပြောပြပါသည်။

"ဂျေမီက ၅နှစ်လက်စ်လေက ၈နှစ်အရွယ် လွန်ခဲ့တဲ့ ၂နှစ်လောက်က ကျွန်တော်နဲ့ ဝင်ဒီ (Wandy) တို့လမ်းခွဲခဲ့ကြတယ်။

ဝင်ဒီရော ကျွန်တော်ပါနောက်ထပ် အိမ်ထောင်မပြုကြသေးပါဘူး။ ကလေးတွေကတော့ သူတို့မေမေနဲ့အတူနေပါတယ်။ ကျွန်တော်ဆီကို စနေ၊ တနင်္ဂနွေပိတ်ရက်တွေနဲ့ နွေရာသီပိတ်ရက်တွေမှာ အလှည့်ကျလာနေကြပါတယ်။ သူတို့နဲ့ ကျွန်တော် အဆင်ပြေပါတယ်။ သူတို့နဲ့ အတူနီးနီးကပ်ကပ် နေနိုင်ဖို့ကျွန်တော်အမြဲတန်း ကြိုးစားပါတယ်။ ပထမတစ်နှစ်မှာ အပြောင်းအလဲလေးတွေဖြစ်လာတာကို ကျွန်တော် သတိထားမိတယ်။ ကျွန်တော်တို့ ကွာရှင်းပြတ်စဲခြင်းမပြုမီက ကလေးတွေဟာအချင်းချင်း ရန်လိုကြတယ်။ တိုက်ခိုက်ကြတယ်။ ဒါပေမဲ့ ဝင်ဒီနဲ့ကျွန်တော်လည်း လမ်းခွဲပြီးရော သူတို့ဟာကျွန်တော့်ရဲ့အလေးပေးမှုကို ပိုပြီးလိုချင်လာတယ်လို့ ကျွန်တော်သိလာတယ်။ သူတို့ကတော့ ကျွန်တော်သိပ်မသိပါဘူး။ သဘောမပေါက်ပါဘူးလို့ ထင်ကြမှာပဲ။ ဒါပေမဲ့ သူတို့ဟာကျွန်တော့်အနားကပ်ထိုင်ဖို့ ကျွန်တော့်ကိုစကားပြောဖို့ အမြဲတန်းပြိုင်နေကြတယ်လေ"

ကွာရှင်းပြတ်စဲပြီးကာစ မိဘများကလည်း အထက်တွင် ဖေါ်ပြခဲ့သည့် အလားတူဖြစ်ရပ်မျိုးကိုပင် ပြောပြခဲ့သည်။ အဆိုပါ နေအိမ်များတွင် မွေးချင်းညီအစ်ကို မောင်နှမများအတွင်း ပြိုင်ဆိုင်မှုသည် အထူးသဖြင့် မိဘများအနက်တစ်ဦးဦး၏ အလေးပေးမှုကို ရယူရေးတွင် ပြင်းထန်စွာယှဉ်ပြိုင်လေ့ ရှိကြသည်။ ကလေးတိုင်းသည် မိဘများ၏ အိမ်ထောင်ကွဲမှုကြောင့် တုန်လှုပ်ကြရလျှင် ဘေးကင်းလုံခြုံမှု ပိုမိုနည်းပါးသွားသကဲ့သို့ ခံစားကြရပြီး မိဘ၏လေးထားမှု ပိုမိုရရှိရန် ပိုမိုကြိုးပမ်းအားထုတ်လာကြသဖြင့် ထိုအခွင့်အရေးနှင့် ပတ်သက်သောခြိမ်းခြောက်မှု တစ်ခုခုအတွက် ပိုမိုနိုးကြားနေလေ့ရှိကြသည်။ ထို့ကြောင့် မိဘတစ်ဦးချင်းစီ၏ ချစ်ခြင်းမေတ္တာနှင့်အတည်ပြုမှုအတွက် ပြိုင်ဆိုင်မှုမြင့်တက်လာနိုင်ပါသည်။

အခြားဖြစ်ရပ်တစ်ခုတွင်မူ ဆန့်ကျင်ဘက်တုန့်ပြန်မှုမျိုးဖြစ်ပေါ်လာလေ့ ရှိသည်။ ကွာရှင်းပြတ်စဲပြီးသော မိဘများက အခိုက်အတန့်အားဖြင့် ပြိုင်ဆိုင်မှုနည်းပါးသွားသည်ဟု သတင်းပေးကြသည်။ အဆိုပါ ကလေးများသည် တင်းမာမှုလျော့ပါးပြီး ရုတ်တရက်မတည်မငြိမ် ဖြစ်ပေါ်သောကမ္ဘာတစ်ခုကို ရင်ဆိုင်ရန်စုပေါင်းအင်အား ဖွဲ့စည်းကြသည်။ လူကြီးများ၏ ပြိုကွဲမှုကိုရှေ့ရှုသော စိတ်ဝမ်းကွဲပြားမှုသည် အထူးသဖြင့် ပြင်းထန်ပြီးကျယ်လောင်ခါးသည်းသော ငြင်းခုန်မှုဖြစ်တတ်သည်။ ထိုသို့သော မွေးချင်းညီအစ်ကို မဟာမိတ်ဖြစ်မှုသည် အချင်းချင်းနားလည် သဘောပေါက်စွာ ပိုမိုခိုင်မြဲသွားကြမည်။ ဤအချိန်မျိုးတွင် ကလေးများသည် ၎င်းတို့၏ကိုယ်ပိုင်စိတ်ဝမ်းကွဲမှု လျော့ပါးကာအချင်းချင်း အပြန်အလှန်အဆင့်တစ်ခုအထိ တည်ငြိမ်မှုရပြီး ပံ့ပိုးကူညီကြသည်။

အဆိုပါ တုန့်ပြန်မှုနှစ်ရပ်စလုံး ကျော်လွှားရေးတွင် ပထမပိုင်းလအနည်းငယ်သည် အခက်အခဲဆုံးဖြစ်ကြောင်းကို ကောင်းစွာသတိပြုရန် လိုအပ်သည်။ ငြင်းခုန်မှုအသစ်များ ဆက်လက်ဖြစ်ပေါ်လာသည်နှင့်အမျှ ကလေးများကလည်း လောကကြီးသည် ပုံမှန်ဘဝသို့ပြန်လည်ရောက်ရှိရန် အဆုံးမသတ်နိုင်တော့ဟု သတိပြုမိလာကြပေသည်။

## မိထွေး – ပထွေးများ

အမေရိကန်ပြည်ထောင်စု သန်းကောင်စာရင်းဗျူရို၏ အဆိုအရအမေရိကန်ပြည်ထောင်စုတွင် လူကြီး၃၅သန်းခန့်သည် မိထွေးပထွေးဆက်ဆံရေးဖြင့် နေထိုင်ကြသည်။ အိမ်ထောင်ပြိုကွဲမှုနှင့် ပြန်လည်လက်ထပ်မှု ပုံစံများအရ ကလေးငယ်များရှိသော မိထွေးပထွေးမိသားစုအသစ်များ နေ့စဉ် ၁၀၀၀၀ခန့်ပေါ်ပေါက်နေကြသည်။ ထို့ပြင် ကလေးများသည် မိဘတစ်ဦးတည်းနှင့် မျှဝေနေထိုင်ရသောအိမ်ထောင် များစွာရှိပြီး ထိုတစ်ဦးတည်းသော မိဘများကလည်း အိမ်ထောင်သစ်ကို အပြိုင်အဆိုင်ထူထောင်ကြသည်။ အဆိုပါလူကြီးများအားလုံးပင် ဘဝသစ်နှင့် မိသားစုဆက်ဆံရေးအသစ်ကို ထူထောင်ကြရသောကြောင့် ၎င်းတို့၏အတွေ့အကြုံများက ကလေးများပြုစုစောင့်ရှောက်ရေးနှင့် မွေးချင်းညီအစ်ကို မောင်နှမချင်း အပြိုင်အဆိုင်ဖြစ်မှုနှင့် ပတ်သက်သော အမြင်သစ်များကို ရရှိစေပါသည်။

"ခင်ဗျားစကားကို ကျွန်တော်နားထောင်ဖို့မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကျွန်တော့် ဖေဖေမဟုတ်လို့ပဲ"

"မေမေ့ နောက်ယောကျ်ားက သူ့ကလေးတွေကိုပဲ ကပ်နေတာပဲ။ သားတို့ကိုတော့ မကပ်ပါဘူး"

"ဒီကောင်မလေးကို ဘာဖြစ်လို့ချစ်ရမှာလဲ။ သူကသမီးညီမ အရင်းမှမဟုတ်ပဲ"

အဆိုပါဝေဖန်ပြောဆိုချက်များသည် မြုပ်နေသောရေခဲတုံး၏ ထိပ်ဖျားမျှသာရှိသေးသည်။ သို့ရာတွင် ယင်းတို့သည် လူကြီးများက နောက်အိမ်ထောင်ပြုကြပြီး ယခင်အိမ်ထောင်နှင့်ရသော သားသမီးများကို ခေါ်လာသောအခါတွင် မြင့်တက်လာသည့်အခက်အခဲများကိုဖေါ်ပြသော ဝေဖန်ချက်များပင်ဖြစ်သည်။ လူတိုင်းသည် စိတ်ကူးထဲတွင်မူ မိသားစုအသစ် အစုအဝေးကိုပေါင်းစည်းပျော်ရွှင်စေချင်ကြသည်။ ပေါင်းစည်းပျော်ရွှင်စေရန်လည်း မျှော်လင့်ထားကြသည်။ လက်တွေ့ကဘဝတွင်မူ မွေးချင်းညီအစ်ကို မောင်နှမချင်းပြိုင်ဆိုင်မှုများ မမျှော်လင့်သော ဖိစီးမှုများနှင့် တင်းမာမှုများတိုးတက် ဖြစ်ပေါ်လာကြသည်။ ထိုသို့သော ဖိစီးမှုများနှင့် တင်းမာမှုများကို ရိုးသားပွင့်လင်းစွာ ဖြေရှင်းရမည်ဖြစ်ပြီး တစ်ခါတစ်ရံ ထူးခြားလွန်ကဲသော လူသားအဖြစ်စိတ်အရှုည်ဆုံးထားရပါသည်။

မိထွေးပထွေးမိသားစုကို ကျစ်လျစ်ခိုင်မာသော ဆက်ဆံရေးတည်ဆောက်ရေးမှာ တကယ်တော့ခက်ခဲလှပါသည်။ သို့သော် တိကျသောစည်းကမ်းများကို စဉ်းစားထားလျှင် မျှော်လင့်ထားသော ရည်မှန်းချက်များကို ရရှိစေနိုင်ပါသည်။ အောက်ပါလုပ်ငန်းစဉ်က ကူညီပံ့ပိုးမှု ရရှိနိုင်ပါလိမ့်မည်။

ယာယီချစ်ခြင်းမေတ္တာ – ပထမဦးစွာ ယာယီချစ်ခြင်းမေတ္တာဟူသည် ပကတိရိုးသားမှုရှိသည်ဟု မျှော်လင့်ရန်ဖြစ်တန်ရာမရှိသလို သဘာဝယုတ္တိလည်းမကျပေ။ ချစ်ခြင်းမေတ္တာဟူသည် ကွတ်ကီးထည့်သော ကရားမဟုတ်လျှင် နံရံတွင်တပ်ဆင်ထား

သောအလိုရှိသလို ဖွင့်ဟ၍ပိတ်၍ရသည့် မီးခလုတ်လည်းမဟုတ်ပါ။ ချစ်ခြင်းမေတ္တာ ယုံကြည်မှုနှင့် နွေးထွေးသောခံစားမှုစသည်တို့ကား ဖြည်းဖြည်းချင်းမွေးမြူ ပျိုးထောင်ကြရသော အရာမျိုးဖြစ်ပြီး ယင်းတို့ရှင်သန်ဖွံ့ဖြိုးတိုးတက်ရန် အထူးသဖြင့် ဖအေတူမအေကွဲ/ မအေတူဖအေကွဲ လူငယ်များနှင့် နှစ်ဘက်မိခင်/ဘခင်တို့မှ ပါလာသော လူငယ်များအတွင်း အချိန်ကြာမြင့်စွာ တည်ဆောက်ကြရသည်။ ထိုသို့သော ကလေးများအချင်းချင်း အဘယ်ကြောင့်သွေးကွဲရသနည်း။ အဘယ်ကြောင့် ချစ်ခင်မြတ်နိုးမှု မရှိကြရပါသနည်းဟူသော မေးခွန်းအတွက် ခိုင်လုံသောအကြောင်းပြချက် မရှိပေ။ အပြန်အလှန်အားဖြင့် အဆိုပါကလေးများအချင်းချင်း ပြောင်းလဲလာသော ဆက်စပ်မှုအသစ်ကို ပူပန်သောကများ၊ သံသယများနှင့် ကြုံဆိုနှုတ်ဆက်ကြရလေ့ရှိပြီး အချို့သောဖြစ်ရပ်များတွင် ပွင့်လင်းသောမလိုလားမှုရန်လိုမှုကိုပင် ပြသလေ့ရှိကြပါသည်။

အပြိုင်အဆိုင်ဖြစ်မှုသည် လက်ခံနိုင်သောအဆင့်အထိ အေးဆေးသွားအောင် သူ့အလိုအလျောက် အချိန်မီဖြေရှင်းပြီး ဖြစ်တတ်ပါသည်။ သို့ရာတွင် လူကြီးများ၏မျှတမှုရှိပြီး စိတ်ရှည်သောပါဝင် ဖြေရှင်းမှုနှင့်ကလေးများ၏ မျှော်မှန်းချက်များကို အမှန်အတိုင်းရှုမြင်တတ်သည့် မိဘများ၏စွမ်းရည်ပေါ်တွင် မူတည်နေပါသည်။

မိထွေးပထွေးများ၏ကဏ္ဍ – မိထွေးပထွေးမိသားစုများအတွင်း ယာယီချစ်ခြင်းမေတ္တာသည် စိတ်ကူးမျှသာဖြစ်သကဲ့သို့ ယာယီမိဘများဖြစ်ကြသော မိထွေးပထွေးများ လက်ခံသည့်သဘောထားလည်း ဖြစ်ပါသည်။ မကြာသေးမီကပင် နောက်အိမ်ထောင် ပြုပူနွေးနွေးပြုထားသော ဖခင်တစ်ဦးက "တာဝန်ကျေတဲ့ မိဘကောင်းတစ်ဦး ဖြစ်ဖို့ဆိုတာမလွယ်လှပါဘူး။ ဒါပေမဲ့ ပထွေးကောင်းတစ်ဦးဖြစ်ဖို့နဲ့ နှိုင်းယှဉ်လိုက်ရင်တော့ တကယ့်ကလေးကစားသလို ဖြစ်သွားတော့တာပဲ" ဟုပြောပြခဲ့ပါသည်။

မိထွေးပထွေးတစ်ဦး၏ကဏ္ဍသည်ကား မိဘတစ်ဦး၏ကဏ္ဍထက် အဆပေါင်းများစွာ ပို၍သတိထားကြရပါသည်။ ဆွေမျိုးများဇနီး/ခင်ပွန်းနှင့် ကလေးများကိုယ်တိုင်သည်ပင်လည်း သတိထားကြရပါသည်။ သူမ၏ ပြုမူပြောဆိုမှုမှန်သမျှကို စောင့်ကြည့်ဆုံးဖြတ်နေသည်ဟု ခံစားရလျှင် မိထွေးတစ်ဦး၏ကဏ္ဍကား အခက်ဆုံးပင်ဖြစ်ပေလိမ့်မည်။ ရလဒ်အားဖြင့်ကား ထိုအခက်အခဲကို အောင်မြင်ရေးအတွက်သူမသည် အလွန့်အလွန် ထူးခြားသော "စူပါမိခင်" တစ်ဦးဖြစ်လာရပေမည်။

ပထွေးတစ်ဦးအနေဖြင့်လည်း သူ၏သားသမီးအရင်းတစ်ဦးနှင့် မယားပါသားသမီးတစ်ဦးတို့၏ ပဋိပက္ခကို အရဲကိုး၍ဘက်လိုက်ပြောဆိုခြင်းမပြုဘဲ ဖြိုခွဲနိုင်ရန်ခက်ခဲလှပေသည်။ ဘက်လိုက်ပြောဆိုရာတွင်လည်း ပြောဆိုခြင်း၏ရည်ရွယ်ချက်များကို သူ့ကိုယ်သူမေးနိုင်ကောင်းပေသည်။ အပြန်အလှန်အားဖြင့် ထိုဖခင်သည် မျက်နှာပေးရန်ဘက်လိုက်ပြောဆိုရမည်ကို အလွန်ပင်ဝန်လေးလှပေသည်။ အထူးသဖြင့် သူ၏သားသမီးက မယားပါသားသမီးကို ညှာတာထောက်ထားရန် မလျော်ကန်စွာပြောဆိုရခြင်းကို ပို၍ပင်ထိတ်လန့်နိုင်ပေသည်။

အဆိုပါ အကျပ်အတည်းမျိုးကို ဖြေရှင်းကျော်လွှားရာတွင် စိတ်ရှည်မှုနှင့်ထိန်းသိမ်းဆောင်ရွက်တတ်မှု လိုအပ်ပါသည်။ ထိုကိစ္စအတွက် ဖြတ်လမ်းနည်းသို့မဟုတ် လွယ်ကူသောအဖြေမရှိသော်လည်း အောင်မြင်အောင်ဆောင်ရွက် နိုင်ပါသည်။ မိထွေးပထွေးများသည် သဘာဝမိဘရင်းများနှင့် မတူညီသောအထူးကဏ္ဍများရှိကြောင်းကို သတိထားရန်လိုအပ်ပါသည်။ သဘာဝမိဘရင်းများက အလွယ်တကူပေးစွမ်းနိုင်သော လက်ခံမှုနှင့်အတည်ပြုမှုကို မိထွေးပထွေးများက ၎င်းတို့၏လင်ပါမယားပါ သားသမီးများအပေါ် ထားရှိရေးမှာ အစွမ်းကုန်အားထုတ်ရမည့်လုပ်ငန်းမျိုးဖြစ်သည်။ နှစ်ပေါင်းများစွာ အတွေ့အကြုံရင်ဆိုင်ခဲ့ရပြီး အမှားများကိုကြိုးပမ်းဖြေရှင်းခဲ့ရသော မိထွေးတစ်ဦးက

"ကျွန်မဟာ လင်ပါသားသမီးတွေရဲ့ အမေရင်းမဟုတ်ဘူးဆိုတာ ကျွန်မနားလည်ပါတယ်။ ဒါပေမဲ့ အိမ်ထောင်စုတစ်ခုတည်းမှာအားလုံးဟာ ပြဿနာမရှိဘဲ အဆင်ပြေအောင်နေရမယ်ဆိုတဲ့ ကျွန်မရဲ့ရိုးရှင်းတဲ့ကျတဲ့ စည်းကမ်းကိုသူတို့သိကြတယ်။ သူတို့အဖေနဲ့ ကျွန်မကလည်း သူတို့ကိုဒီစည်းကမ်းအတိုင်း ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြမယ်လို့ မျှော်လင့်သလို သူတို့ကလည်း ကျွန်မတို့ကို ဘက်မလိုက်ဘဲမျှမျှတတရှိကြလိမ့်မယ်လို့ မျှော်လင့်ထားကြတယ်လေ။ ဒီတော့ ကျွန်မတို့တစ်ဦးကိုတစ်ဦး ရိုးသားပွင့်လင်းစွာ ပူးပေါင်းနေထိုင်ကြပြီးအဆင်ပြေနေကြရတာပေါ့" ဟုအကျဉ်းချုပ်ရှင်းပြပါသည်။

အထက်ပါစာမျက်နှာများအားလုံး/ရေးသားဖော်ပြချက်တစ်လျှောက်လုံးတွင် မွေးချင်းညီအစ်ကိုမောင်နှစ်မများ ပဋိပက္ခဖြစ်မှုများကိုမိဘများနားလည် သဘောပေါက်ရေးနှင့် ဖြေရှင်းဆောင်ရွက်ပေးရာတွင် အထောက်အကူဖြစ်စေမည့် လမ်းညွှန်မှုအမျိုးမျိုးကို ပေးခဲ့ပြီးဖြစ်ပါသည်။ ဤနေရာတွင် ပို၍အရေးကြီးသော အကြံပြုချက်များကို ပြန်လည်သုံးသပ်ကြည့်ကြပါစို့။

၁။ မွေးချင်းညီအစ်ကို မောင်နှစ်မချင်းပြိုင်ဆိုင်မှုသည် ထုံးစံကိစ္စတစ်ခုဖြစ်သည်။ အချင်းချင်းပြိုင်ဆိုင်ခြင်းဖြင့် ၎င်းတို့မိမိကိုယ့်အကြောင်း မိမိလေ့လာသိရှိနိုင်ပြီး ၎င်းတို့၏ အားသာချက်နှင့်အားနည်းချက်တို့ကို စမ်းသပ်ရာတွင် အထောက်အကူပြုသည်။

၂။ အချင်းချင်းကတောက်ကဆဖြစ်ခြင်း ယုတ္တိကျသောအကြောင်းရင်းကို ရှာဖွေခြင်း၊ မျှော်လင့်ခြင်းမပြုပါနှင့်။ မွေးချင်းညီအစ်ကိုမောင်နှစ်မချင်း အပြိုင်အဆိုင်ဖြစ်မှုကို ဖြေရှင်းခြင်းတွင် မွေးရာပါသဘာဝအသိစိတ်ပင် ဖြစ်ပါသည်။ မွေးချင်း ၂ဦးသည်ကစားစရာတစ်ခုအတွက် သို့မဟုတ် ကွတ်ကီးတစ်ခုအတွက် ကတောက်ကဆဖြစ်သည်ဆိုပါက ယင်းသည် တကယ့်ပြိုင်ဆိုင်မှု၏ ရည်ရွယ်ချက်မဟုတ်ပါ။ ကွတ်ကီးသည် ကလေးငယ်၏ဆာလောင်မှုကို ဖြေဖျောက်ရန်လိုအပ်သော သို့မဟုတ် သူ/သူမဘဝတွင် မျှတသောခွဲဝေမှုအတွက် လိုအပ်သောအမှတ်လက္ခဏာ ဖြစ်ပါသည်။

၃။ ကတောက်ကဆဖြစ်ခြင်း၏ နောက်ကွယ်တွင်ရှိနေသော အဓိကအကြောင်းအရာမှာ မိဘ၏ချစ်ခြင်းမေတ္တာနှင့် အလေးပေးမှုကိုပြင်းထန်စွာရယူလိုခြင်းပင် ဖြစ်သည်။ ယင်းသည် မိဘများက ၎င်းတို့၏သားသမီးတစ်ဦးချင်းစီအပေါ် သီးခြားတစ်ဦးချင်း ပုဂ္ဂိုလ်

အဖြစ် ၎င်းတို့၏ ချစ်ခြင်းမေတ္တာကို အများဆုံးဖြန့်ကျက်ပေးရန် လိုအပ်ခြင်း၏အကြောင်းရင်းဖြစ်ပါသည်။

၄။ ဖြစ်ရပ်အများစုတွင် သွေးချင်းညီအစ်ကိုမောင်နှမချင်း ငြင်းခုန်မှုတွင် မိဘများကဘေးဖယ်နေခြင်းက အကောင်းဆုံးဖြစ်ပါသည်။ ကလေးအချင်းချင်း ဖြစ်ပွားသောကတောက်ကဆဖြစ်မှုကို သူတို့ဘာသာဖြေရှင်းပြီး အေးချမ်းမှုရသွားလျှင် ကလေးများသည် မိမိကိုယ်မိမိ ယုံကြည်မှုနှင့် မိမိကိုယ်မိမိအားကိုးမှုကို ရရှိကြပြီး လောကကြီးကို လူကြီးများဘဝဖြင့် ရင်ဆိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ရာတွင် အထောက်အကူပြုပေသည်။

၅။ ဝင်ရောက်စွက်ဖက်ခြင်း မပြုရသောစည်းကမ်းချက်သည် တစ်ဦးနှင့်တစ်ဦး အကြမ်းဖက်တိုက်ခိုက်မှုတွင်မူ ခြွင်းချက်အဖြစ်ထားရမည်။ ကလေးများအကြား ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ အကြမ်းဖက်ခြင်း၊ ရိုင်းပြကြမ်းတမ်းစွာ ပြောဆိုခြင်းမျိုးကို သည်းခံခွင့်လွှတ်ခြင်း မပြုအပ်ပေ။ ထိုစည်းမျဉ်းကို စောစီးစွာချမှတ်ပြီး ခိုင်မာစွာလိုက်နာစေရမည်။

၆။ တစ်ခါတစ်ရံတွင် မိဘများအနေဖြင့် ငြင်းခုန်မှု၊ ကတောက်ကဆဖြစ်မှုများကို ဖြန်ဖြေရန် ဒိုင်လူကြီးများအဖြစ် မလွှဲမရှောင်သာဆောင်ရွက်ကြရသည်။ ထိုအခါမျိုးတွင် မိဘများက အတတ်နိုင်ဆုံး ပွင့်လင်းရိုးသားပြီး မျှတသောဆုံးဖြတ်မှုကို ပေးရပါမည်။ သို့ရာတွင် ထိုဆုံးဖြတ်ချက်သည် မည်သူ့ကိုမျှ ကျေနပ်မှုပေးနိုင်လိမ့်မည်မဟုတ်ကြောင်းကိုမူ သတိထားရပါမည်။ အခြေအနေတိုင်းအတွက် ရာနှုန်းပြည့်မျှတမှု ရရှိနိုင်မည်မဟုတ်ပါ။

၇။ မိဘများသည် သားသမီးအချင်းချင်းအကြား တစ်ဦးနှင့်တစ်ဦးနှိုင်းယှဉ် ပြောဆိုခြင်းမပြုအပ်ပေ။ နှိုင်းယှဉ်မှုတစ်ရပ်သည် နှစ်ဦးနှစ်ဘက်စလုံး (နှိုင်းယှဉ်ခံရသူတစ်ဦးနှင့်တစ်ဦး) အတွက် ဆုံးဖြတ်မှုတစ်ရပ်ဖြစ်သည်။ နှစ်ဘက်စလုံးပင် ဆုံးရှုံးကြရသည်။ အနှိုင်းခံရသော အစ်ကို/ အစ်မ၏အပြုအမူနှင့် ကိုက်ညီလာစေရန် မည်သည့်ကလေးကမျှ သူ/သူမ၏အပြုအမူကို ပြောင်းလဲလိမ့်မည်မဟုတ်ပါ။ အပြုအမူနှင့်ကိုက်ညီလာစေရန် မည်သည့်ကလေးကမျှ သူ/သူမ၏အပြုအမူကို ပြောင်းလဲလိမ့်မည်မဟုတ်ပါ။

၈။ မွေးချင်းတစ်ဦးနှင့်တစ်ဦး မျှဝေတတ်ခြင်းသည် အရေးကြီးသော်လည်း မွေးချင်းတစ်ဦးချင်းစီတွင် ၎င်းတို့၏ကိုယ်ပိုင်ပစ္စည်းများပိုင်ဆိုင်ခွင့် ရှိကြသည်။ ထိုပိုင်ဆိုင်ပစ္စည်းများ သိမ်းဆည်းရန်ကိုယ်ပိုင်နေရာ သီးခြားရှိရမည်။ ထိုအခွင့်အရေးကို မိသားစုဝင်တိုင်းကလေးစားသင့်သည်။

၉။ ကလေးငယ်တစ်ဦး ထပ်မံမွေးဖွားလာခြင်းသည် ပထမကလေးသို့မဟုတ် သူ့အရင်က မွေးဖွားသောကလေးများအတွက် သောကများဖြစ်ပေါ်လာနိုင်သည်။ မွေးစကလေးငယ်၏ လိုအပ်ချက်များသည် အရေးပေါ်လိုအပ်သည်မှန်သော်လည်း အခြားကလေးများ၏ လိုအပ်ချက်များကို စိတ်ခံစားမှု သို့မဟုတ် ရုပ်ပိုင်းအရလစ်လျူရှုခြင်းမျိုး သို့မဟုတ် ခွဲခြားခြင်းမျိုးမဖြစ်စေရပါ။

၁၀။ အသက်အရွယ်၊ ကျားမနှင့်မွေးဖွားမှု အစီအစဉ်တို့သည် ကလေးတစ်ဦး၏ ဖွံ့ဖြိုးမှုတွင် အစိတ်အပိုင်းတစ်ခု အဖြစ်ပါဝင်သည်။ သင်၏ မွေးချင်းကလေးများကို ပြန်လည်သုံးသပ်လျှင်ဖြစ်စေ၊ သင်၏မျှော်မှန်းချက်များအတိုင်း နေထိုင်ရန်တွန်းအားပေးလျှင်ဖြစ်စေ၊ မည်သည့်ကလေးမျှ ထပ်တူညီသော မိသားစုအတွင်း ထပ်တူညီမျှစွာမွေးဖွားပြီး ထပ်တူညီစွာဖွံ့ဖြိုးရှင်သန်ခြင်း မရှိနိုင်သည်ကို ထည့်သွင်းစဉ်းစားပါ။

၁၁။ မိထွေးပထွေးများသည် သဘာဝမိရင်း ဘရင်းများထက်စိတ်ဖိစီးမှုများ ပိုမိုကြီးလေးတတ်သည်။ အကြောင်းမှုကား မိမိကိုယ်မိမိသတိထား၍ နေရသောကြောင့်ဖြစ်သည်။ မိထွေး ပထွေးများသည် ၎င်းတို့၏ သားသမီးအရင်းများကို သဘာဝအသိအရ မျက်နှာသာပေးချင်ကြသည်။ ကာကွယ်ချင်ကြသည်။ တစ်နည်းအားဖြင့် လင်ပါ မယားပါသားသမီးများအား သူ၏သားရင်း သမီးရင်းများနှင့် အသားတည်းဖြစ်ကြောင်းပြဆိုရန် မဖြစ်နိုင်ပေ။ မျှတသော ချဉ်းကပ်နည်းမှာကား ကလေးတစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် သဘာဝအရ ကလေးတိုင်းကို ရိုးသားပွင့်လင်းစွာ ပြုစုစောင့်ရှောက်ရေးပင် ဖြစ်သည်။

၁၂။ မွေးချင်းညီအစ်ကို မောင်နှမများကို ကိုင်တွယ်ရာတွင်ဖြစ်စေ ၎င်းတို့၏ပြိုင်ဆိုင်မှုကို ဖြေရှင်းရာတွင်ဖြစ်စေ မိဘများ၏ ချစ်ခြင်းမေတ္တာသည် အရေအတွက်/ပမာဏသတ်မှတ်၍ရသော အရာမဟုတ်ကြောင်း သို့မဟုတ် တစ်ဖွန်းပြီးတစ်ဖွန်း ခပ်ယူသဖြင့် တဖြည်းဖြည်း ကုန်ခမ်းသွားသောဝတ္ထုပစ္စည်း မဟုတ်ကြောင်းကို နှလုံးသွင်းထားရန် အရေးကြီးသည်။ ကလေးတစ်ဦးချင်းစီသည် အနှိုင်းမဲ့သီးခြားစီဖြစ်ပြီး သူ/သူမ၏သီးခြားကိုယ်ပိုင် ဖြစ်တည်မှုကိုအသိအမှတ် ပြုရန်လိုအပ်သည်။ “တရားမျှတမှု” နှင့် “တူညီမှု” တို့သည် မည်သည့်အခါမျှ ထပ်တူညီခြင်း မရှိဘဲ သီးခြားကလေးတစ်ဦးချင်းစီတွင် သူ/သူမ၏ တူညီသောလိုအင်များ ရှိကြပါသည်။

မိသားစုတိုင်းတွင် ၎င်းတို့၏တစ်ဦးချင်း ကိုယ်ပိုင်စိတ်ဓါတ်ရေးရာကို ချမှတ်ထားကြပြီး ကိုယ်ပိုင်ပြဿနာများ လိုအပ်ချက်များနှင့် အထူးပုပန်မှုများ ရှိတတ်ကြပါသည်။ သို့ရာတွင် ကျွန်ုပ်တို့အားလုံးမျှဝေနိုင်သော သဘောထားတစ်ရပ်မှာ အိမ်ထောင်တစ်ခုတည်းတွင်နေထိုင်သူ အချင်းချင်း သဘောထားတူမျှစွာ နေထိုင်ပြီး အဆင်ပြေစွာပြုမူ တုန့်ပြန်ခြင်းပင် ဖြစ်ပါသည်။ နေအိမ်သည် ကျွန်ုပ်တို့၏ သားသမီးများ၏ အနာဂတ်ကို ဖန်တီးရန်အထောက်အကူပြုပေးသော နေရာတစ်ခုဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာ၊ နည်းစနစ်နှင့်နားလည် သဘောပေါက်မှုအရည်အသွေးများက အနာဂတ်ကို ပိုမိုရှင်သန်ပြည့်ဝအောင်မြင်စေရန် များစွာဖြည့်ဆည်းပေးနိုင်ပါသည်။

* ကလေးငယ်တစ်ဦး၏ စိတ်ဝိညာဉ်သည် အလှဆုံးပန်းကလေးတစ်ပွင့် ဖြစ်ပါ၏။
ထိုပန်းကလေးသည် ဘုရားသခင်၏ ဥယျာဉ်တွင်ကြီးပြင်းလာရပါသည်။
မြေပြင်မှကောင်းကင်ယံသို့ တိုးတက်စွင့်ကားလာပါသည်။
အားနည်းချည့်နဲ့ရာမှ ဉာဏ်ပညာစွမ်းအားတို့ ပွင့်လန်းလာပါသည်။

* ထိုပန်းကလေးအား နိပ်စက်ဖျက်ဆီးမည်။
ရိုင်းစိုင်းသည့်ဘေးတို့မှ ကာကွယ်စောင့်ရှောက်ပေးရင်း
ပန်းကလေး၏ အလှတရားနှင့် ချိုမြိန်သောရသတို့
ရှင်သန်လာရပါသည်။

* ကလေးငယ်တို့၏ ကြင်နာချိုမြိန်၍
ပကတိဖြူစင်သော စိတ်ဝိညာဉ်ကို
ပျိုးထောင်ပေးမည့် ဥယျာဉ်ကောင်းကား ရှားပါးလှပါဘိ။

* သို့သော်လည်း အသင့်အားတောင်းဆိုပါသည် အိုဥယျာဉ်မှူး
ထိုပန်းကလေးအတွက် ရေ မြေ လေနှင့်
နေရောင်ခြည်ဓါတ် မပြတ်မလတ်အောင်
နှင်းမိုးလေးကြမ်း ပိုးသရမ်းတို့ မသန်းရအောင်
အကြင်နာစောင်ဖြင့် သတိဆောင်၍ ပျိုးထောင်လော့။

* ထိုပန်းကလေးသည် သူ၏အလှတရားနှင့်
ချိုမြိန်သောရနံ့ကို ကလေးငယ်၏
နှိုင်းတုမရသော စိတ်ဝိညာဉ်အလား
မကွယ်မဝှက် ပွင့်အန်ဝင့်ကြွားလာမည့်အချိန်ကို
မလွဲမသွေရောက်ရှိလာပါလိမ့်မည် အိုဥယျာဉ်မှူး။ ။